# ပြန်လည်ကြွလာခြင်းသတင်းကောင်း (July 2021)



# HERALD *OF HIS* COMING

ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာ တို့ထက်ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ ….( ဟေဗြဲ ၄း၁၂)

## ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဝိညာဉ်အသက်တာ ယူဆောင်လာခြင်း

## (The Word Of God Brings Spiritual Life)

***By Ruth Paxson***

ဝိညာဉ်လူသည် နေ့စဉ်ဝိညာဉ်ခွန်အားဖြင့်ရန်လိုအပ်သည်။ သူသည် ဘုရားသခင်အပေါ် အစဉ်အမြဲမှီ ခိုးအားထားရမည် ဖြစ်သည်။ ဘုရားသခင်၏သူ၏ဝိညာဉ်ရေးရာအသစ်အတွက် ပြင်ဆင်ပေးတော်မူသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သမ္မာတရားအားဖြင့် ကယ်တင်ခြင်းရရှိသောသူသည် နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်းစင်ကြယ်ခြင်းခံရသည်။ ဝိညာဉ်လူ၏ တည်ဆောက်မှုနှင့် ခွန်အားသည် ဘုရားသခင်၏နှုတ်က ပတ်တော်အပေါ် အစဉ်မပြတ် သစ္စာရှိရမည်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်လေ့လာခြင်းသည် ဝိညာဉ်ရေးရာတိုးတက်ကြီးထွားရန်အတွက် ဘုရားဘိသိက်ပေးတော်မူသော နည်းဗျူဟာ တစ်ခုဖြစ်သည်။

"ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" (ယောဟန် ၁၇း၁၇)။

"ထိုအခါယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏" (ယောဟန် ၈း၃၁)။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကျမ်းစာနာမည်များ သတိချပ်စွာလေ့လာခြင်းသည် ခရစ်ယာန်ဝိညာဉ်ရေး ရာနိုးထခြင်း၌အသုံးဝင်ရန် ကိုယ်တော်၏အကြံအစည်တော်ကို ဖော်ထုတ်သည်။

## နှုတ်ကပတ်တော်သည် ဖော်ထုတ်ရန် ကြည့်မှန်ဖြစ်သည်။

> "တရားကိုမကျင့်ဘဲ နာရုံမျှသာပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဍာန်ကို ချက်ခြင်း မေ့လျော့တတ်၏။ လွတ်ခြင်းနှင့် စပ်ဆိုင်၍စုံလင်သော တရား၌စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍မေ့လျော့သောသူ မဟုတ်၊အကျင့်ကျင့်သောသူဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌မင်္ဂလာရှိသောသူ ဖြစ်၏" (ယာကုပ် ၁း၂၃-၂၅)။

ကြည့်မှန်သည် ၎င်းကိုကြည့်သောသူ၏ ကိုယ်ရည်ကိုယ်သွေးကိုဖော်ပြသည်။ ကျမ်းစာသည် လူတစ်၏ ဖြစ်ခြင်းအမှန်ကန်ထင်ရှားစေသည်။ ကျမ်းစာတွင် လူသားများ၏ နှလုံးသားများသည် ဘုရားသခင် ရှေ့တော်၌ ဖြစ်ခြင်းအမှန်ကို တိကျစွာ ကျွန်ုပ်တို့တွေ့ရကြသည်။ နှုတ်ကပတ်တော်တွင် လူသားများ၏ သဘောသဘာဝဖြစ်ခြင်း၊ ဇာတိလူနှင့် ဝိညာဉ်လူကို ကျွန်ုပ်တို့တွေ့ရကြသည်။ လူတစ်ဦးသည် ကျမ်းစာလေ့လာသောအခါ သူ၏ဖြစ်ခြင်းကို သိရှိသည်။ လွန်ခဲ့သော ရာစုနှစ်များစွာက အသက်ရှင်ခဲ့သောလူသားများကို ကြည့်မှန်တစ်ချပ်ပေါ်တွင် ကြည့်နေသကဲ့သို့ သူသည်မြင်တွေ့သည်။ ရမ္မက်ကြီးသူ အာခန်၊ နောက်ပြန်လှည့် သူဒါဝိဒ်၊ စိတ်ပျက်လက်ပျက်ရှိသူ ဧလိယ၊ လှည့်စားသူ ယာကုပ်၊ မမှန်သောသက်သေခံသူ အာနနိနှင့်ရှဖိရေ၊ ငြင်းဆန်တတ်သူ ပေတရု၊ မိမိဖြောင့်မတ်ခြင်းကို အားကိုးသူတာရှုမြို့သားရှောလု၊ မနာလို၊ မယုံကြည်၊ကိုယ် ကျိုးအတွက် ရှာဖွေသူ

တပည့်တော်များ စသောပုဂ္ဂိုလ်များကို ကြည့်ခြင်းအားဖြင့် သူသည် မိမိနှလုံးသားဆိုး သွမ်းမှုနှင့် မိမိ အသက်ရှင်သောအသက်တာကို မြင်တွေ့သည်။ ကျမ်းစာက လူသားများ၏ စိတ်အကြံအစည် များကို ဖွင့်ပြ၍ လျှို့ဝှက်ကြံစည်မှုများနှင့်စိတ်နေစိတ်ထားများကို ရှင်းလင်းစွာ ဖော်ထုတ်သည်။ ကျွန်ုပ်တို့သည် မည်သို့သောသူများဖြစ်ကြသည်ကို ကျမ်းစာက အတိအလင်း ဖော်ထုတ်သည်။

သို့သော် ကျမ်းစာက ဤတွင်နိဂုံးမချုပ်ပေ။ လူတစ်ဦး၏ရုပ်ပါရုံ၊ ပြည့်စုံသော လူသားဖြစ်ရန် အတွက်လည်း ကျမ်းစာကဖော်ပြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်က "မှောင်မိုက် ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသောဘုရားသခင်သည်၊ ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်း တော်ကိုသိသော ဉာဏ်၏ အရောင်ကို ပေးလိုသော၄၊ ငါတို့ စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏" (၂ကော ၄း၆)ဟု ဖော်ပြသောအခါ လူသား များသည် "ဘုရားသခင်၏ဘုန်းတော်ကို မှန်ကဲ့သို့မြင်တွေ့စေရန်" ဖြစ်သည်။ ထိုနောက် ကျမ်းစာက သူသည် မိမိကိုယ်ကိုသိ၍ မိမိသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ် လာနိုင်မည် ကိုလည်းကောင်း၊ ရုပ်ပါရုံ အပေါ်မည်သို့ လုပ်ဆောင်ရမည်ကို လည်းကောင်း၊ ခရစ်တော်၏ ပုံသဏ္ဍာန်သို့ပြုပြင် ပြောင်းလဲနိုင် ရန် အတွက် နှုတ်ကပတ်တော်အတိုင်း အသက်ရှင်သောသူဖြစ် လာရန် စိန်ခေါ်ထားသည်။

## နှုတ်ကပတ်တော်သည် စင်ကြယ်စေရန်နှင့်အပြစ်ဖြစ်စေရန် ရေဖြစ်သည်။

*"...ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ်ခင်ပွန်းကို ချစ်ကြ လော့။ ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည် ဖြစ်၍..."*(ဧဖက် ၅း၂၅-၂၆)။

*"သင်တို့သည် ငါဟောပြောသောစကားအားဖြင့် ယခုပင်ရှင်းလင်းလျက်ရှိကြ၏" (ယောဟန် ၁၅း၃)*။

*"လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့ သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ကပတ် တော်အတိုင်း သတိပြုရမည်" (ဆာလံ ၁၁၉း၉)*။

ကျွန်ုပ်တို့သည် ဤလောကတွင်အသက်ရှင်လျှောက်လှမ်းနေစဉ် လောက၏ ညစ်ညမ်းမှုများ ဖြင့် ဆက်သွယ်နေရကြသောကြောင့်သန့်ရှင်း စင်ကြယ်ခြင်းအဆက်မပြတ်လိုအပ်နေကြသည်။ ရှေးခေတ် က ယဇ်ပရော ဟိတ်များသည် ကြေးဝါယဇ်ပလ္လင်၌ အသွေးဖြင့် စင်ကြယ်စေကြသော်လည်း

သူတို့သည် တဲတော်၌ ဝတ်ပြု ကိုးကွယ်ရန်နှင့်အမှုတော်ထမ်းဆောင်နိုင်ရန်အတွက် အင်တုံ၌ သို ထားသော ရေဖြင့် ဆေးကြောရန်လိုအပ်ခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသက်ရှင်သော နှုတ်ကပတ်တော်၏ အသွေးဖြင့် အပြစ်ဒုစရိုက်များမှ ဆေးကြောခြင်းခံရသော်လည်း ကျမ်းစာနှုတ် ကပတ်တော် ရေဖြင့် နေ့စဉ်နေ့တိုင်း ဆေးကြောသန့်ရှင်း စင်ကြယ်စေရန် လိုအပ်လျက်ရှိသည်။ ခရစ်ယာန်အသက်တာသည်နှလုံးသား၌ နှုတ်ကပတ်တော်သိုထား၍ အသက်တာ၌ လက်တွေ့ အသုံးချလျက် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြူစင်သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်သည်။ ရေသည် ဆေးကြောသန့်ရှင်းစေနိုင်သည်။ မြောက်များစွာသော ယုံကြည်သူများသည် နှုတ်ကပတ် တော်ကို အာရုံပြုအား တိတ်ဆိတ်စွာအချိန်ယူခြင်းအားဖြင့် စိုးရိမ်ပူပန်စိတ်၊ ခွန်အားကျဆင်းသော စိတ်များနှင့် ကိုယ်ခန္ဓာမောပန်းမှုများဖယ်ရှားပေးနိုင်ကြောင်း သက်သေခံနိုင်ခဲ့ကြသည်။

## နှုတ်ကပတ်တော်သည် ရှင်သန်ကြီးထွားစေသောအစာအဟာရဖြစ်သည်။

နှုတ်ကပတ်တော်သည် မွေးကင်းစကလေးငယ်များအတွက် နို့ရည်ချို ဖြစ်သည်။ ဝိညာဉ်ရေးရာရင့် ကျက်သူများအတွက် ခွန်အားဖြည့်အစာအဟာရဖြစ်သည်။ ဝိညာဉ်ရေးရာ စိတ်အတွက် ပျားရည် ဖြစ်သည်။

“မျိုးမျိုးသော မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူစူခြင်း၊ ကဲ့ရဲ့ခြင်းရှိသမျှကို ပယ်ရှား၍၊ ကယ်တင်ခြင်းအလို့ငှါ နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း ” *(၁ပေ ၂း၂)*။

“ကောင်းကျိုး မကောင်းကျိုးကိုပိုင်းခြား၍ သိနိုင်သောဥာဏ်ပေးတတ်သော၊ အကြားအမြင် အတွေ့ အစမ်းများသော သူတည်းဟူသော၊ စုံလင်သော အရွယ်ရှိသော သူတို့မူကား၊ ကြေခဲသော အစာ အာဟာရကို သုံးဆောင်ရကြ၏ ” (ဟေဗြဲ ၅း၁၄)

“ရွှေထက်မက၊ များစွာသောရွှေစင်ထက် နှစ်သက်ဘွယ်ဖြစ်၍၊ ပျားရည်ထက်မက၊ ပျားလပို့ထက် ချိုကြ၏ ” (ဆာလံ ၁၉း၁၀)။

ဘုရားသခင်၏ နှုတ်ကပတ်တော်စားသုံးသောသူများသည် သန်မာလာလိမ့်မည်။ နှုတ်ကပတ် တော်ကို မထိမဲ့မြင်ပြုသောသူတို့သည် ဆုတ်ယုတ်သွားလိမ့်မည်။ တည်ဆောက်ခြင်းနှင့် ခွန်အားများ သည် ဝိညာဉ်ရေး ရာအစားအစာသုံးဆောင်ခြင်းနှင့် ပျော်မွေ့ခြင်းအရည်အချင်း ပမာဏ ပေါ်တိုးတက်

ကြီးထွားလျက်ရှိသည်။ ဝိညာဉ်ရေးရာခွန်အားနည်းခြင်းအကြောင်းရင်းမှာ မသင့်လျော်သောအစာ သုံးဆောင်ခြင်းကြောင့်ဖြစ်သည်။

မတင့်တော် သို့မဟုတ် မပြည့်စုံသောအစာသုံးဆောင်သောခရစ်ယာန်များသည် ဝိညာဉ်ရေးရာ ရောဂါ မျိုးစုံတို့ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ သူသည် စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံရန် တန်ခိုးမရှိပေ။ အမှားကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိပေ။ အပြစ်တရားအပေါ် အောင်မြင်နိုင်စွမ်းမရှိပေ။ သူသည် လှည့်စားဖြားယောင်းခြင်း၊ မာရ်နတ်၏နှောင့်ယှက်ဖျက်ဆီးခြင်းများခံစားရန် တံခါးဖွင့် ပေးခြင်း ဖြစ်သည်။ သူတို့တိုးတက်မှုလုံးဝ မရှိပေ။ သူသည် မိမိကိုယ်ကိုမထိန်းချုပ်နိုင်ဘဲ လောက လူသား များရှေ့၌ ရှက်ကြောက်ဖွယ်ရာ၊ သိက္ခာကင်း မဲ့ စွာ၊ မလှမပအသက်ရှင်တတ်သည်။

နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်၊ မေတ္တာတော်နှင့် တန်ခိုးတော်ကို အသစ် တဖန် ပိုင်ဆိုင်ခြင်းမရှိသောခရစ်ယာန်တစ်ဦးသည် ပုပ်သွားသောမန္နမုန့် သို့မဟုတ် မှိုတက် နေသော သက်သေခံချက်တို့ဖြင့် အသက်ရှင်သူတစ်ဦးဖြစ်သည်။

ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးသည် တစ်ခါတစ်ရံ ကျမ်းစာကိုလျှစ်လျူရှုခြင်းအားဖြင့် မိမိတန်ခိုးကို ဆုံးရှုံးတတ်ခဲ့သည်။ သူသည် စိတ်သစ်ကိုယ်သစ်ဖြစ်ခြင်းနှင့် အသီးအပွင့်များစွာ သီးခြင်း မရှိသောကြောင့် တန်ခိုးမဲ့နေရခြင်းဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ မိမိဉာဏ်ပညာ၊ နှုတ်သတ္တိနှင့်ခန္ဓာကိုယ်ခွန်အား ဗလများဖြင့်သာ စကားပြောဆိုခြင်းဖြစ်သည်။ ဘုရားသခင်သည် ကောင်းကြီး မင်္ဂလာချပေးတော်မူလိမ့် မည်ဟု ကတိပြုတော်မမူခဲ့ပေ။ "သင်တို့၏ ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့်တည်စေခြင်းငှါ၊ ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့် ယှဉ်သောဖြားယောင်းသော စကားနှင့်တကွရှိသည်မဟုတ်။ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာ တန်ခိုးတော်နှင့် တကွရှိ၏"(၁ကော ၂း၄-၅)။

## နှုတ်ကပတ်တော်သည် လမ်းပြရန်မီးခွက်ဖြစ်သည်။

"နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏" (ဆာလံ ၁၁၉း၁၀၅)။

ကျဆင်းရာတွင်းနက်များသည် ခရစ်ယာန်များကို ဝိုင်းရံလျက်ရှိသည်။ မာရ်နတ်သည် သေစေသည့် ထောင်ချောက်များစွာ ချထားခဲ့ပြီး ဖြစ်သည်။

“မာရ်နတ်၏ အလိုအတိုင်းဘမ်းမိသောထိုသူတို့သည် သတိရ၍ ထိုဘမ်းမိရာမှ လွတ်ခြင်းသို့ရောက် ကောင်းရောက်ကြလိမ့်မည်”(၂တိ ၂း၂၆)။

“မတရားသောသူတို့သည် အကျွန်ုပ်တို့ကျော့ကွင်းကို ထောင်ထားကြပါ၏။ သို့သော်လည်း၊ ကိုယ်တော်၏ဥပဒေသများမှလွဲ၍ မသွားပါ”(ဆာလံ ၁၁၉း၁၁၀)။

ဖြောင့်သောလမ်းနှင့်ကျဉ်းသောလမ်းကို လွယ်ကူစွာပိုင်းခြားမသိမြင်နိုင်ပါ။ လွယ်ကူစွာလည်း မလိုက် လျှောက်နိုင်ပါ။ ဤ မယီယာသောအချိန်များတွင် အသင်းတော်၌ လောကအရာများစွာရှိသောအခါတွင်ဖြစ်စေ၊ သိုးထိန်းများပင်လျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဆန့်ကျင်ဘက် လျှောက်လှမ်းသောအခါတွင်ဖြစ်စေ စိတ်နှလုံးဖြူစင်သောခရစ်ယာန် တစ်ဦးသည်ပင်လျှင် စိတ်ရှုပ်ထွေး၍ သင့်တော်လျှောက်ပတ်သော လမ်းကိုလိုက်လျှောက်နိုင်ရန် လုံးဝမသိတော့ပေ။ သူသည် မိမိလမ်းအတွက် အလင်းကို အမှန်အကန်လိုအပ်လျက်ရှိသည်။

သို့သော် သူသည် ထိုအရာထက်ပိုများသောအရာကိုလိုအပ်သည်။ သူသည် ခြေလှမ်းတစ်လှမ်းချင်း အတွက် လမ်းပြရန်လိုအပ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လမ်းပြသော မီးခွက်ဖြစ်သည်။ ခရစ်ယာန်တစ်ဦးသည် နှုတ်ကပတ်တော်ကို မိမိနှလုံးသား၌ ဖုံးကွယ်ထား၍ အသက်တာ၌ သတိမူသောအခါ လမ်းပျောက်ခြင်း သို့မဟုတ် ခလုတ်တိုက်ချော်လဲခြင်းမရှိနိုင်ပေ။ သူ၏ ခြေလှမ်းတစ်လှမ်းတိုင်းသည် ဘုရားသခင်၏ အလိုလတော်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်နာခံမှုအပေါ် အပြည့်အဝ လိုက်လျောညီထွေမှုရှိသည်။

“မိန့်တော်မူချက်အတိုင်း အကျွန်ုပ်ခြေလှမ်းတို့ကို ဖြောင့်စေတော်မူပါ။ အကျွန်ုပ်ကို အဘယ်မည်သော ဒုစရိုက်မျှအစိုးမရပါစေနှင့်”(ဆာလံ ၁၁၉း၁၃၃)။

“ထာဝရဘုရား၏ တရားတော်သည် သူ၏ စိတ်နှလုံးထဲမှာတည်သည်ဖြစ်၍ သူသွားသေသောအခါမ ချော်မလဲရ”(ဆာလံ ၃၇း၃၁)။

ခရစ်ယာန်အားလုံးတို့သည် အမှုတော်အတွက်လုံးဝ တည်စေသောအရာများဖြစ်သည့် သွန်သင်ခြင်း၊ လမ်းညွှန်ခြင်း၊ သတိပေးခြင်း၊ ပြုပြင်ပေးခြင်းနှင့် ညွှန်ကြားခြင်းတို့ကို ကျမ်းစာတွင်တွေ့ရသည်။

"ထို ကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကိုပြုစုတတ်၏" (၂ တိ ၃း၁၆-၁၇)။

## နှုတ်ကပတ်တော်သည် တရားစီရင်ရန် ဝေဖန်ပေးသည်။

"ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာ တို့ထက်ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုငှင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုငှင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်းသိမြင်တတ်၏ " (ဟေဗြဲ၄း၁၂)။

ဂရိစကားလုံး "kritikos"အဓိပ္ပါယ်မှာ တရားစီရင်နိုင်ခြင်းဖြစ်သည်။ ယနေ့လူသားများ၏အားနည်းချက်မှာ လူများသည် နှုတ်ကပတ်တော်ကိုလက်ခံမည့်အစား မိမိပြစ်တင်ဝေဖန်မှုဖြင့် နှုတ်ကပတ်တော်ကို ဝေဖန်ပြစ်တတ်ကြခြင်းဖြစ်သည်။သို့သော် ကျမ်းစာ၏ အရေးကြီးသောလုပ်ဆောင်ချက်တစ်ခုမှာ ခရစ်ယာန်များ၏ အတွေးများနှင့်အပြုအမူများအပေါ် ၎င်း၏ တရားစီရင်ခြင်းဖြစ်သည်။ စိတ်နှလုံးဖြူစင်ခြင်းဖြင့် ဆုတောင်းသော ဆာလံဆရာက "အိုဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏နှလုံးကို သိမှတ် တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ" (ဆာလ ၁၃၉း၂၃-၂၄)ဟူ၍ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားစီရင်မှုများကို သိရှိခဲ့သည်။

"အကျွန်ုပ်သည် အသက်ရှင်၍၊ ကိုယ်တော်ကို ချီးမွမ်းပါစေသော။ စီရင်တော်မူချက်တို့သည် အကျွန်ုပ်ကို မစကြပါစေသော" (ဆာလံ ၁၁၉း၁၇၅)။

ယနေ့ဘုရားသခင်၏သားသမီးအားလုံးတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၏ ဖြောင့်မတ်ခြင်းတ ရားစီရင်ခြင်းအောက်မှာ အသက်ရှင်ခဲ့လျှင် ဝိညာဉ်ရေးရာနိုးထမှုက နေရာယူပါ လိမ့်မည်။ လူသားများ၏နှ လုံးသားအတွေးအခေါ်များ၊ ခံစားချက်များနှင့်အပြုအမူများတွင် ကျမ်းစာက နေရာယူလျှင်လည်းကောင်း၊ သူတို့သည် နှုတ်ကပတ်တော်အပေါ် မှန်မှန်ကန်ကန်၊ အကျိုးရှိရှိ သုံးသတ်ဆင်ခြင်း၍လုပ်ဆောင်လျှင်လည်း ကောင်းနိုးထမှုကြီးသည် မီးတောက် မီးလျှံ ကဲ့သို့ ထွက်ပေါ်လာပါလိမ့်သည်။

## နှုတ်ကပတ်တော်သည် သန့်ရှင်းသောအသက်တာ၏ လက်စွဲဖြစ်သည်။

"ထာဝရဘုရား၏ တရားလမ်း၌ မလွဲမတိမ်း၊ လိုက်သွားသော သူတို့သည် မင်္ဂလာရှိကြ၏။ သက်သေ ခံတော်မူချက်တို့ကိုစောင့်၍၊ ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာသော သူတို့သည် မင်္ဂလာရှိကြ၏။ ထိုသူ တို့သည် ဒုစရိုက်ကိုမပြု၊ လမ်းခရီးတော်၌ လိုက်သွားတတ်ကြ၏" (ဆာလံ၁၁၉း၁-၃)။

ဘုရား သခင်သည် မိမိသားသမီးများအတွက်ကောင်းမြတ်သောအသက်တာ၌ အသက်ရှင် နိုင်သော ခြေလှမ်းတစ်ခုချင်းစီတိုင်းကို ပြင်ဆင်ပေးတော်မူခဲ့သည်။ ကိုယ်တော်၏ နှုတ်ကပတ် တော်တွင် ကိုယ်တော်သည် ဤ သို့အသက်တာအုပ်စိုးသောအခြေခံသဘောတရားများနှင့် လေ့ကျင့် သုံးသပ် လက်တွေ့လုပ်ဆောင်ရန် တရားလမ်းများကို ပေးထားတော်မူခဲ့သည်။ ဘုရားသခင်၏ မျက်မှောက်တော်၌ ကျင့်ဆောင်၍ ခရစ်တော်၏ အလိုတော်နှင့် လိုက်ဘက်အောင်အသက်ရှင်သော ခရစ်ယာန်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်စင်ကြယ်စွာ အသက်ရှင်သောသူများနှင့် နှုတ်ကပတ်တော်ကို လိုက်လျှောက်၍ မိမိကိုယ်ကိုအသက်ရှင်ရန် ဆက်ကပ်သောသူများဖြစ် ကြသည်။

## နှုတ်ကပတ်တော်သည် လက်နက်ဖြစ်သည်။

"ကယ်တင်ခြင်းတည်းဟူသော သံခမောက်လုံးကိုငှင်း၊ ဘုရားသခင်၏နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ ထားကိုငှင်း ယူကြလော့ " (ဖေက် ၅း၁၇)။

ဝိညာဉ်တော်နှင့်ပြည့်ဝသောသူမှာ ရန်သူများရှိသည်။ သူသည် စစ်ပွဲဆင်နွှဲနေရသည်။ ငရဲတန်ခိုးများသည် သူ့ကို ဆန့်ကျင်ဘက်ပြုကြသည်။ သူသည် အမြဲတမ်းတိုက်ခိုက်မှုခံရ၍ ခေတ္တခဏအတွင်း ရှုံးနိမ့်နိုင်သည်။ သူသည် ခုခံတော်လှန်နိုင်သော လက်နက်များလိုအပ်သည်။ သူသည် စာတန်၏ တိုက်ခိုက်မှုကို ခုခံတော်လှန် နိုင်ရမည်ဖြစ်သည်။

စာတန်၏တိုက်ခိုက်မှုကို အောင်မြင်နိုင်ရန်အတွက် ဘုရားသခင်အသုံးပြုတော်မူသော ဘုရားလူများအားဖြင့်အောင်မြင်နိုင်သည်။ သဲကန္တရ၌ ကိုယ်တော်၏ လက်နက်တစ်ခုမှာ ဝိညာဉ်တော်ဓားဖြစ်သည်။ *"ရန်သူ"*ဟု ရန်သူ၏ တိုက်ခိုက်ရာတွင် သုံးကြိမ်တိုင်တိုင် ထပ်ခါ တလဲလဲ ရေးသားထားသည်။

ဓားကိုမီးဖြင့်ပြုလုပ်၍ အဆင်သင့်ဖြစ်နေပါပြီ။ သူသည်ကျမ်းစာလိပ်ကိုယူ၍ စာတန်မာရ်နတ်၏ တိုက်ခိုက်မှုအဖြေရရှိရန် စောင့်တော်မမူပေ။ စာတန်သည် ကိုယ်တော့်ကိုတိုက်ခိုက်သောအခါ ကိုယ်တော်သည် မိမိစိတ်အား သမ္မာတရားဖြင့် စင်ကြယ်စေတော်မူခဲ့သောကြောင့် ဝိညာဉ်တော်သည် သူ့ကိုလမ်းလွှဲစေခဲ့သော စကားများကို မိမိစိတ်ထဲတွင် ယူဆောင်တော်မူခဲ့သည်။ သူသည် စုံစမ်းနှောင့်ယှက်ခြင်းခံရတော်မူသောအခါ မိမိနှလုံးသား၌ ဖုံးကွယ်ထားသော နှုတ်ကပတ်တော်ကို ထိန်းသိမ်းခဲ့သည်။ "ကိုယ်တော်ကို မပြစ်မှားဘဲ နေနိုင်မည် အကြောင်း၊ ဗျာဒိတ် တော်ကို နှလုံးထဲမှာ သိုထားပါပြီ" (ဆာလံ ၁၁၉း၁၁)။

နှလုံးသား၌သိုးထားသောနှုတ်ကပတ်တော်များသည် သေရေးရှင်ရေးကိစ္စမျိုးကြုံတွေ့ရသောအခါ ဓား ဖြစ်လာပါလိမ့်မည်။ စာတန်မာရ်နတ်၏တိုက်ခိုက်မှုကိုအောင်မြင်နိုင်ရန်အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ လေ့လာသင်ယူအသက်ရှင်နေရခြင်းဖြစ်သည်။

အောင်မြင်ခြင်းအတွက် မရှိမဖြစ်လိုအပ်သောအခြားအရာတစ်ခုမှာ ကျွန်ုပ်တို့အသုံးပြုရမည် လက်နက်၌ ရောင့်ရဲတင်းတိမ်မှုရှိခြင်း ဖြစ်သည်။

"ထာဝရ ဘုရား မိန့်တော်မူချက်တို့သည် သန့်ရှင်းခြင်းရှိ၍ မြေနှင့်ကင်းစင်စေခြင်းငှါ၊ မိုက်၌ ခုနစ်ကြိမ် စစ် သော ငွေကဲ့သို့ဖြစ်ကြ၏" (ဆာလံ ၁၂း၆)။

"ဘုရားသခင်၏ စကားတော်ရှိသမျှသည် စင်ကြယ်၏။ ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင်သည် အကွယ်အကာဖြစ်တော်မူ၏ "(သု ၃၀း၅)။

ယနေ့များစွာသော ခရစ်ယာန်များသည် မိမိလက်နက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ပတ်သက်၍ သံသယရှိကြသောကြောင့် အပြစ်တရားနှင့်စာတန်နှင့် တိုက်ခိုက်ရာတွင် ရှုံးနိမ့်ကြပါသည်။ သူတို့အတွက်နှုတ် ကပတ်တော်သည် ဝိညာဉ်တော်၏ဓားမဟုတ်တော့ဘဲ မိမိစိတ်အတွေးအခေါ်နှင့် အတွေ့အကြုံတိုင်းတာရန် လွတ်လပ်ပေးသော ဘဝလမ်းကို ကူညီပေးသော လူသားများပြုလုပ်သည့် တောင်ဝှေးတစ်ခုသာဖြစ်သည်။ နှုတ်ကပတ်တော်၏ ကိုးစားထိုက်ခြင်းနှင့် နောက်ဆုံးအခွင့် အာဏာကိုယုံကြည်ခြင်းသည် ဓားအဖြစ်နှုတ်က ပတ်တော်ကို မရှိမဖြစ်အသုံးပြုခြင်း သာဖြစ်သည်။

## နှုတ်ကပတ်တော်သည် လောင်ကျွမ်း၍ နွေးစေသောမီးဖြစ်သည်။

"ထိုကြောင့်၊ ငါသည် နှုတ်ကပတ်တော်ကို မကြားမပြော၊ နာမတော်ကို အမှီပြု၍ မဟောဘဲနေမည်ဟု သဘောထားသော်လည်း၊ ငါ့အရိုးတို့၌ ချုပ်ထား၍၊ လောင်သောမီးကဲ့သို့ နှုတ်ကပတ်တော်သည် ငါ့နှလုံး၌ ဖြစ်သောကြောင့်၊ အလွန်ငြီးငွေ့သဖြင့် အောင့်၍မနေနိုင် "(ယေရမိ ၂၀း၉)။

သမ္မာကျမ်းစာသည် ချော်ကိုလောင်ကျွမ်းစေသောမီးနှင့်တူ၍ သန့်ရှင်းစင်ကြယ်စေနိုင်သည်။ ၎င်းသည်ဘုရားသခင်၏ အလိုတော်နှင့်နည်းလမ်းများကိုဆန့်ကျင်သောအရာအားလုံးကို လောင်ကျွမ်းစေသော မီးလျှံမီး တောက်တစ်ခု ဖြစ်သည် (ယေရမိ ၅း၁၄၊ ၁ပေ ၁း၂၂)။

ထိုနည်းတူ နှုတ်ကပတ်တော်သည် ဝမ်းနည်းခြင်းနှင့်ဒုက္ခခံရခြင်းအားဖြင့် စိတ်ပျက်သောနှလုံးသားများကို နှစ်သိမ့်ခြင်းနှင့်နွေးထွေးခြင်းကိုပေးသော မီးတစ်ခုဖြစ်သည်။

"သို့ဖြစ်၍၊ ဤစကားများအားဖြင့် အချင်းချင်း တယောက်ကိုတယောက် သက်သာစေကြလော့" (၁သက် ၄း၁၈)။ "ဗျာဒိတ်တော်အားဖြင့် အကျွန်ုပ်အသက်ရှင်သည်ဖြစ်၍၊ ဆင်းရဲကိုခံရစဉ်တွင်၊ ထိုနှုတ်ကပတ်တော်သည် အကျွန်ုပ်သက်သာစရာအကြောင်း ဖြစ်ပါ၏" (ဆာလံ ၁၁၉း၅၀)။

## နှုတ်ကပတ်တော်သည် ချိုးဖွဲ့ရန် တူဖြစ်သည်။

"ငါ၏ နှုတ်ကပတ်တော်သည် မီးကဲ့သို့၎င်း၊ ကျောက်ကို ထုချေသောသံတူကဲ့သို့၎င်း ဖြစ်သည် မဟုတ် လောဟု ထာဝရဘုရား မေးတော်မူ၏" (ယေရမိ ၂၃း၂၉)။

ဘဝတိုင်းတွင် ခေါင်းမာခြင်း၊ ခုခံခြင်းနှင့်ပုန်ကန်ခြင်းများ ကျန်ရှိတတ်ပါသည်။ မိမိလမ်း အတိုင်း လျှောက် လှမ်းအသက်ရှင်ရန်၊ မိမိပျော်ရွှင်မှုကိုသာရှာဖွေတတ်သူနှင့် မိမိအလိုအပ်ဆန္ဒကိုသာ ရှာဖွေ တတ်သောသူများသည် လွယ်ကူစွာ နာခံခြင်းနှင့်နှိမ့်ချခြင်းမရှိတတ်ကြပေ။ ကျွန်ုပ်တို့ အားလုံး သည် ကျိုးပဲ့ကြေမွစေရန်လိုအပ် သောခက်ခဲမှုအများအပြားရှိသည်။ ခုခံတတ်သော နှလုံးသားများကို အရည်ပျော်သွားစေရမည် ဖြစ်သည်။

ခရစ်ယာန်တစ်ဦးသည် နှုတ်ကပတ်တော်ကိုလေ့လာ၍ ဘုရားသခင်၏သနားကြင်နာမှု၊ ကျေးဇူးတော်၊ သစ္စာစောင့်ရှောက်ခြင်း၊ အနှိုင်းမဲ့မေတ္တာနှင့် ဂရုဏာတော်အောက်သို့ ရောက်လာသော အခါ သူ၏ နှလုံးသားသည် အရည်ပျော်သွားသည်။ သူ၏လိုအင်ဆန္ဒသည် ချိုးဖဲ့ခြင်းခံရ၍ သူ၏ ဘဝသည် ပျော်ရွှင်ခြင်းသို့ပြောင်း လဲသွားခဲ့သည်။ ဘုရားသခင်၏မေတ္တာတော်အလိုတော်သို့ နှိမ့်ချစွာ ဆက်ကပ်အပ်အပ်နှံသည်။

### နှုတ်ကပတ်တော်သည် ရင့်ကျက်စေ၍ တိုးပွားစေသောမျိုးစေ့ဖြစ်သည်။

"ထိုဥပမာအနက် အဓိပ္ပါယ်ကား မျိုးစေ့သည် ဘုရားသခင်၏တရားစကားဖြစ်၏" (လုကာ ၈း၁၁)။

မျိုးစေ့တစ်စေ့ကို အံဆွဲထဲမှာချထားလျှင် မျိုးစေ့တစ်စေ့ပဲကျန်ရစ်တော့မည် ဖြစ်သည်။ သို့သော် ကောင်းသောမြေပေါ်သို့ထား၍ ကောင်းမွန်စွာပြုစုလျှင် အပင်တစ်ပင် သို့မဟုတ် သစ်ပင်တစ်ပင် ထွက်လာပါလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မျိုးစေ့ဖြစ်သည်။ ထိုမပျက်စီး နိုင်သော မျိုးစေ့ကို ကျွန်ုပ်တို့ဘဝတွင် ပျိုးကြဲလျက်ရှိသည်။ "ငါ့ စကားများသည် အသက်ဖြစ်သည်။"- သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားများ၏မြေကြီး၌ ထိုမျိုးစေ့ကိုကြဲတော်မူ၍ အပြစ်သော သတ္တဝါအဖြစ်သို့ ပြောင်းလဲစေတော်မူခဲ့သည်။

ကယ်တင်ရန်နှင့်စင်ကြယ်စေရန် ထိုမျိုးစေ့၏ တန်ခိုးသည်မထင်ရှားမီ စိုက်ပျိုး ထုချေရမည်ဖြစ် သည်။

“ထို့ကြောင့်၊ ခပ်သိမ်းသောညစ်ညူးခြင်း၊ မနာလိုသောစိတ် လွန်ကျူးခြင်းကို ပယ်ရှား၍၊ သင်တို့စိတ် ဝိညာဉ်ကို ကယ်တင်နိုင်သော၊ အထဲ၌ စိုက်ပျိုးသောနှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သော စိတ်နှင့် ခံယူကြ လော့ ”(ယာကုပ် ၁း၂၁)။

မျိုးစေ့ကို ကောင်းမွန်စွာ လေ့လာခြင်းနှင့်စိတ်အားထက်သန်စွာရှာဖွေခြင်းအားဖြင့် စိုက်ပျိုး၍ ပြုစုစောင့် ရှောက်ရန်လိုအပ်သည်။ မျိုးစေ့သည်ရှင်သန်ကြီးထွားရန် အချိန်လိုအပ်သည်။ နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာ၍ အာရုံပြုရမည် ဖြစ်သည်။ နှုတ်ကပတ်တော်ကို စိတ်၊ နှလုံး၊ အတွေးနှင့် ဆန္ဒများ၌ နက်ရှိုင်းစွာချထား၍ အသီးအပွင့်ဝေဆာစွာသီးစေရမည်ဖြစ်သည်။ မျိုးစေ့ကို ယုံကြည်ခြင်းမျိုးစေ့၌ လုံခြုံစွာထိန်းသိမ်းထားရမည်ဖြစ်သည်။ ခရစ်ယာန်များသည် နှုတ်ကပတ်တော်၌ အမြဲတမ်းကြီးထွားရမည်ဖြစ်သည်။ နှုတ်ကပတ်တော်သည် နေ့ညမပြတ်သူ၏အထဲ၌ ကိန်းအောင်း ထားရမည်ဖြစ်သည်။

“ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏။ တနေ့လုံးဆင်ခြင် အောက်မေ့ လျက် နေပါ ၏” (ဆာလံ ၁၁၉း၉၇)။

“သင်တို့သည် ငါ၌တည်၍ ငါ့စကားသည်သင်တို့၌တည်လျှင်၊ သင်တို့သည်တောင်းချင်သမျှကို တောင်း ၍ရကြလိမ့်မည်” (ယောဟန် ၁၅း၇)။

နှလုံးသားအေးသေးအေးစက်ဖြစ်ခြင်း၊ အတွေးအခေါ်လွဲချော်ခြင်း၊ လိုအင်ဆန္ဒအားနည်းခြင်း၊ သက်သေ မခံနိုင်ခြင်း၊ ကိုးကွယ်ခြင်း၌ပျော်ရွှင်မှုမရှိခြင်း၊ အမှုတော်မြတ်၌အသီးအပွင့်မရှိခြင်း၊ ဆုတောင်းခြင်း၌ တန်ခိုး မရှိခြင်းတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လျစ်လျူရှုခြင်းနှင့် ခံယူချက်လွဲမှားခြင်းကြောင့်ဖြစ်ပါ သည်။

“သင်တို့သည် အာဗြဟံအမျိုးဖြစ်ကြသည်ကို ငါသိ၏။ သို့သော်လည်း ငါ၏ဒေသနာသည် သင်တို့၌ တည်နေရာကိုမရသောကြောင့် သင်တို့သည် ငါ့ကို သတ်အံ့သောငှါ ရှာကြံကြ၏” (ယောဟန် ၈း၃၇)။ သို့ သော် နှုတ်ကပတ်တော်သတည် ဘဝတစ်ခု၌မှန်ကန်စွာ နေရာယူသောအခါ နားလည်ရန်၊ ပြောင်းလဲရန်၊ သန့်ရှင်းစင်ကြယ်စေရန်၊ ထိန်းချုပ်ရန်၊ ဝေဖန်သုံးသတ်ရန်၊

အမှားပြုပြင်ရန် နှင့် သီးခြားထားရှိရန် တန်ခိုးရှိလာပါသည်။ ထိုနောက် ၎င်းသည် သခင်ယေရှု၏ ပုံသဏ္ဍာန်တော်နှင့်တူရန် တိုးတက်ကြီးထွားရင့်ကျက်သောဘဝ သို့ပြုပြင်ပြောင်းလဲသွားပါလိမ့်မည်။

–*Life on the Highest Plane* by Ruth Paxson (1889 – 1949), ကျမ်းစာစာချသူ၊ သာသနာပြုသူ၊နှင့်စာ ရေးဆရာဖြစ်သည်။

# ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့် အနာဂတ်ကို ရင်ဆိုင်ပါ

## (Face The Future With Faith In God)

***By W. C. Moore***

ဤ နေ့ရက်များသည် နည်းလမ်းအမျိုးမျိုးအဖုံဖုံဖြင့် မှောင်မိုက်အတိဖြစ်ပါသည်။ ရာဇဝတ်မှုများပေါ် ပေါက်လာသည်။ ကိုယ်ကျင့်တရားပျက်ပြားမှုနှင့်ပျက်စီးမှုများသည် နေရာအနှံ့အပြား၌ တွေ့ရသည်။ အကြမ်းဖက်မှုများသည် ပို၍ဆိုးရွားလာ၍ လူငယ်လူရွယ်များပင်လျှင် ထိုအမှု၌ ပါဝင်လှုပ်ရှားလာသည်။ အိမ်ထိုး ဖောက်လုယူမှုများစွာတွေ့ရသည်။ ကိုယ်ဝန် ဖျက်ချခြင်းနှင့် ကလေးမွေးပြီးနောက် စွန့်ပစ်ခြင်းများစွာပေါ် ပေါက်လျက်ရှိသည်။ အန္တိ-ဘုရားသည် ပို၍ ကြောက်စရာ ကောင်းလာသည်။ ပို၍ တက်ကြွစွာလှုပ်ရှားလာပါသည်။ အသင်းတော်များစွာ တို့သည် ကယ်တင်ခြင်းသတင်းကောင်းကို တန်ခိုးဖြင့်လည်းကောင်း၊ စင်ကြယ်မှုဖြင့်လည်းကောင်းဟော ပြောခြင်းကို လျစ်လျူရှုလာခဲ့ကြသည်။ သင့်ကို ဝမ်းနည်းအံ့သွားခဲ့ကြိတ်စေသောအရာ၊ ဒုက္ခ ပေးသောအရာ၊ စိန်ခေါ်သောအရာများကို သင်စရင်းပြုစုနိုင်ပါသည်။

### ခရစ်ယာန် တစ်ဦးသည် ဘယ်အရာကို လုပ်ဆောင်သနည်း

"မတရားသောအမှုတို့သည်များပြားသဖြင့် အများသောသူတို့၏ ချစ်ခြင်းမေတ္တာသည် ခေါင်းပါး လိမ့်မည်" (မဿဲ ၂၄း၁၂)။ ယခုချိန်တွင် မတရားသောအမှုတို့သည်များပြားသဖြင့် သူတို့၏ ချစ်ခြင်း မေတ္တာသည် ခေါင်း ပါးလိမ့်မည်ဟုဆိုရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် ချစ်ခြင်း မေတ္တာ

ခေါင်းပါးသောသူ "အများ"၌ပါဝင်ရမည်ကိုမဆိုလိုပေ။ ဘုရားသခင်ကိုချစ်ရန်မိမိ ကိုယ်ကိုစိတ်နိုးဆွခြင်းရှိရန်နှင့် အရင်ကနှင့်မတူသောသည အမှတ်အသားသို့ *ခြေတက်*ရန် နှင့် မည်သို့ပင် အမှောင်ထုကြီးရှိနေပါစေ ဘုရားသခင်ကို ယုံကြည်ခြင်း၌ ဆက်လက်အသက်ရှင်ရန် ကျွန်ုပ်တို့အားစိန်ခေါ်၍ သတိပေးထားခြင်းဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်၌ဖွင့်ပြထားသောအန္တရာယ်ကာလများ (၂တိ ၃း၁-၁၇)သည် ဖြစ်ပျက်မည့် အကြောင်းကို ကြိုတင်ပြောကြားခြင်းဖြစ်၍ ခြိမ်းခြောက်ခြင်းမဟုတ်ပေ။ ယနေ့ ကျွန်ုပ်တို့ကြုံ တွေ့ရသော ကြောက်မက်ဘွယ်ရာများနှင့်ပျက်စီးမှုနှင့် ပျက်စီးမှုများသည် အနာဂတ်မှာ ဖြစ်ပျက်မည့်အဖြစ်အပျက်များကို ကြိုတင်မြည်းစမ်းခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့ ခရစ်ယာန်များသည် မိမိပတ်ဝန်းကျင်တွင်ဖြစ်ပျက်သောအရာ အားလုံးကို ဖုံးအုပ်ရန် မျက်စိများ မှိတ်ရမည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့သည် သတိချပ်၍ အကောင်းဆုံးကိုမြော်လင့်ကာ အလွန်ထိတ်လန့်ဖွယ် ကောင်းသောအခြေအနေတစ်ခုလုံးမှ လွတ်မြောက်နိုင်ရန် ထွက်ပြေး တိမ်ရှောင်သွားရမည် ဖြစ်သည်။

ကိုယ်တော်သည် ကျွန်ုပ်တို့အား လူသားအားလုံးထံသို့သွား၍ သက်သေဖြစ်ကြရန် ခေါ်ဖိတ်တော်မူခဲ့ပါသည်(တမန် ၁း၈)။ ကျွန်ုပ်တို့ ပုန်းရှောင်ရန်မကြိုးစားသင့်ပေ။ သို့သော် ကျွန်ုပ်တို့သည် သက်သေခံနိုင်သော လူများကိုရှာဖွေ၍သက်သေခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိပတ်ဝန်းကျင်အားလုံးတွင် ပျက်စီးနေသော လူသားများအား သူတို့၏ကြောက်စိတ်၊ မယုံကြည်စိတ်နှင့် သတိမမှုစိတ်များမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း အလင်းတန်းများကို မီးမောင်းထိုးပြရန် လိုအပ်ကြသည် (မဿဲ ၅း၁၄-၁၅)။ သခင်ယေရှုက "ထို နည်းတူ၊သူတပါးတို့သည် သင်တို့၏ကောင်းသော အကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အ ဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါး ရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့" (မဿဲ ၅း၁၆)ဟု မိန့်တော်မူခဲ့သည်။

သြော်၊ ဘုရားသခင်၏မေတ္တာတော်အလင်းကိုလင်းစေကြပါစို့။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကယ်တင် တော်မူခဲ့သောကယ်တင်ခြင်းစိတ်ချမှုကို ဟောပြောကြပါစို့။ ကျွန်ုပ်တို့ချစ်၍ ကိုးစားသော ဘုရားသခင်ထံ မယိမ်းယိုင်သောဆက်ခြင်းအလင်းကိုလင်းကြပါစို့။ ကြောက်၍ စိတ်ပျက် လက်

ပျက်ဖြစ်နေသော လူသားများထံ အလင်းကိုလင်းကြပါစို့။ သို့မှ သူတို့သည် ဘုရားသခင်ထံ တော်သို့ ပြန်လှည့်ကြပါလိမ့်မည်။

### ဘုရားသခင်၏ ကတိတော်အပေါ်မှာအပေါ်လုံးဝမှီခိုအားထားခြင်း

ဤအမှောင်ထုကြီးတွင် ဘုရားသခင်၏ကတိတော်အပေါ်မှာလုံးဝမှီခိုအားထားခြင်းအားဖြင့် ပြဿနာ အားလုံးကို ရင်ဆိုင်ကြပါစို့။ ပတ်ဝန်းကျင်အခြေအနေ၊ ဘဝအခြေအနေ၊ အခက်အခဲ၊ ငြင်းပယ်မှု၊ ရဝေရဝါဖြစ် ခြင်း၊ မသေချာမှုနှင့် အန္တရာယ်အခြေအနေ သို့မဟုတ် ပတ်ဝန်းကျင်ရှုပ်ထွေး မှုများသည် ဘုရားသခင်အတွက် လုံးဝမခက်ခဲပေ။ ကိုယ်တော်သည် အရာခပ်သိမ်းကိုသိ တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား စောင့် ထိန်းကွယ်ကာတော်မူသည်(၁ပေ ၅း၇၊ ၁ယော ၃း၂၀)။ ဘုရားသခင်အတွက် အရာခပ်သိမ်းသည်လွယ်ကူသည် (ယေရမိ ၃၂း၁၇)။ ဘုရားသခင် အတွက် မဖြစ်နိုင်သောအရာတစ်စုံတစ်ခု မျှမရှိပေ(မဿဲ၁၉း၂၆)။

ခက်ခဲသောအခြေအနေများ၊ အနှောင့်အယှက်အတားအဆီးများ၊ ဆုးပြောင့်ခလုတ်များ၊ စမ်းသပ်မှုများ၊ ဝန်ပိုးဝန်ထုတ်များ၊ လေးလံသောတာဝန်များ ကြောက်ရွံ့တုန်လှုပ်ခြင်းရှိမည့်အစား ဝမ်းမြောက်ခြင်း ရှိကြပါစို့။ ဤအရာများအားလုံးထက် ဘုရားသခင်သည် ပို၍ကြီးတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ချစ်တော်မူ၍ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို အစဉ်အမြဲ ကိုးစား၍နာခံရန် အလိုရှိတော်မူသည်။ ဘုရားသခင်သည် သင်ကို အမြဲတမ်းခြိမ်းခြောက်သော အခက်အခဲ ပြဿနာများအားလုံးထက် ပို၍ကြီးတော်မူသည်။

သင်သည် ဘဝလမ်းတစ်လျှောက်တွင် မဖြစ်နိုင်သော လုပ်ဆောင်ရန်တာဝန်များစွာ တိုက်ရိုက် ချထားသောအခါ ဝမ်းမြောက်ပါ။ အကြောင်းမှာ ဤအရာများက ကျွန်ုပ်တို့အား မှန်ကန်သော လမ်းကိုသိစေသောကြောင့်ဖြစ်သည်။ ဘုရားသခင်ကို ဝမ်းမြောက်စေသော၊ ဂုဏ်တော်ထင်ရှား စေသော လမ်း၌ ဤတာဝန်များကို ဘုရားသခင်၏မစတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပြီးမြောက် အောင် လုပ်ဆောင်နိုင်ကြသည်။ အကျိုးတက်ရောက်မှုမှာ ကောင်းကင်ဘုံ၌ ကိုယ်တော်၏ အလိုတော်ပြည့်စုံစေသကဲ့သို့ မြေကြီးပေါ်မှာလည်းပြည့်စုံ စေမည့်အကြောင်းဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှကြွတော်မူ၍စွန့်ပစ်ဟန်တူသော်လည်း၊ ကိုယတော်သည် မိမိ တန်ခိုး တော်နှင့် ဥာဏ်တော်နှင့် ဘုန်းတန်ခိုးတော်များ ပျောက်ဆုံးဟန်တူ သော်လည်း၊ ကိုယ်တော်သည် မေတ္တာတော်နှင့်ပြည့်စုံတော်မူသောကျွန်ုပ်တို့၏ ကတိတည်တော်မူသော ဖန်ဆင်းရှင်နှင့် မတူသော်လည်း၊ ကိုယ်တော် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူခြင်း အားဖြင့် ကျွန်ုပ်တို့အပေါ် မိမိဂရုဏာ တရားကို ပြသထင် ရှားစေတော်မူပြီ(၁ပေ ၄း၁၂-၁၉၊ ရောမ ၈း၂၆-၃၉) ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မည်သည့်အခက်အခဲမဆို၊ မည်သို့သောလုပ်ငန်းမဆို၊ မည် သို့သော် အခြေအနေမဆို ကြောက်သောစိတ် သို့မဟုတ်နှလုံးသားဖြင့် မရင်ဆိုင်ရပေ။ ကြောက်တတ်သော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ခက်ခဲသောပြဿနာများမှ “ကြောက်ရွံ့”နေ မည့်အစား ဘုရားသခင်သည် မိမိကတိတော်နှင့်သဘာဝတရားထက်လွန်ကဲသော အစွမ်းအစများကို ထင်ရှား စွာပေးအပ်တော်မူပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဤအခက်အခဲများအားလုံးကို ရဲဝံ့စွာ တိုက်ခိုက်ရင်ဆိုင်ကြပါစို့။ ဟာလေလုယာ။

“အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဌနာ ပြုသောအားဖြင့်၊သင်တို့တောင်းပန်လိုသောအရာများတို့ကိုဘုရားသခင်အား ကြားလျှောက်ကြ လော့” (ဖိ ၄း၆)။

## မှန်ကန်စွာ အသက်ရှင်ခြင်း

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏မစတော်မူခြင်းကို အမြဲတမ်းရရှိနိုင်ကြသည်။ ကျွန်ုပ်တို့ သည် ကိုယ်တော်၏အလိုတော်၊ နှုတ်ကပတ်တော်အတိုင်းအသက်ရှင်ကြပါစို့။ ထိုသို့ပြုလျှင် အပြစ်တရား၌ အသက်ရှင်ကြမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို မယုံကြည်ခြင်းအားဖြင့် လည်းကောင်း၊ အခြားခရစ်ယာန်များဝေဖန်ခြင်းအားဖြင့်လည်းကောင်း၊ သတိမမူခြင်းအားဖြင့်လည်းကောင်း၊ မိမိအတ္တစိတ်များအားဖြင့်လည်းကောင်း၊ လှည့်ဖြားခြင်းအားဖြင့် လည်းကောင်း၊ သူတပါးနာကျင်စေခြင်းအား ဖြင့်လည်းကောင်း၊ မိမိတာဝန်များလျစ်လျူရှုခြင်း အားဖြင့်လည်းကောင်း၊ လျစ်လျူရှုခြင်းအပြစ် သို့မဟုတ် နာမခံခြင်းအားဖြင့်လည်းကောင်း ဘုရား သခင်ကို နာကျင်စေကြမည်မဟုတ်ပေ။

"ချစ်သူတို့၊ ကိုယ်စိတ်နှလုံးသည် ကိုယ်ကို အပြစ်မတင်လျှင်၊ ဘုရားသခင့်ရှေ့တော်၌ ရဲရင့်ရသော အခွင့် ရှိကြ၏။ငါတို့သည် ပညတ်တော်တို့ကို စောင့်ရှောက်၍၊ နှစ်သက်တော်မူသောအကျင့်တို့ကို ကျင့်သော ကြောင့်၊ ဆုတောင်းသမျှတို့ကိုဘုရားသခင့် ထံတော်မှရကြ၏ "(၁ယော ၄း၂၁-၂၂)။

## မကြောက်နှင့်

ကိုယ်တော်သည် ကျွန်ုပ်တို့အား **"မကြောက်နှင့်"** (လုကာ ၈း၅၀)ဟု ညွှန်ပြတော်မူသည်။ ကျွန်ုပ်တို့သည် မိမိသခင်၏ဤအမိန့်တော်ကို သတိချပ်စွာနှင့်စိတ်နှလုံးအကြွင်းမဲ့ နာခံကြပါစို့။ ကျွန်ုပ်တို့အညစ်အကြေးရှိရှာ မုန်းတီးခြင်းထက် ကြောက်စိတ်နှင့် မယုံကြည်စိတ်များကို မုန်းတီး ရှိရှာကြပါစို့။ "မေတ္တာစိတ်သည် လျှို့ ဝှက်ခြင်းနှင့် ကင်းစေလော့။ ဆိုးညစ်သောအမှုကို စက်ဆုပ်ရွံ့ရှာ ကြလော့။ ကောင်းမွန်သောအမှု၌ မှီဝဲဆည်း ကပ်ကြလော့" (ရောမ ၁၂း၉)။

"ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူ သမျှ အားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏ " (မဿဲ ၄း၄)။ ထိုကြောင့် ဘုရားသ ခင်၏နှုတ်ကပတ်တော်ကို စားသုံးပါ။ နှုတ်ကပတ်တော်ကို အာရုံပြုပါ။ ကျွန်ုပ်တို့၏ဝိညာဉ်သည် ခန္ဓာကိုယ် ကဲ့သို့ ခွန်အားဖြစ်စေမည့်အစားအစာများလိုအပ်သည်ကို နားလည် သဘောပေါက်ပါ။ ဘုရားသခင်၏နှုတ်က ပတ်တော်အာရုံပြုခြင်းအတွက် အချိန်ယူ၍ အသုံးပြုလိုက်ပါ။ သို့မှသာ သင်သည် ကိုယ်တော်အလိုတော်သိ နိုင်လိမ့်မည်။ ကိုယ်တော်၏ အလိုတော် လုပ်ဆောင်နိုင်ရန် အားယူ၍ရဲရင့်လာလိမ့်မည်။

သင်သည် ကိုယ်ခန္ဓာအတွက် သဘာဝအစားအစာများထက် ဘုရားသခင်၏ နှုတ်ကပတ်တော်အစာကိုပို၍ စားသုံးပါ။ သတင်းစာဖော်ပြသောအရာများ သို့မဟုတ် ရေဒီယို ကြေငြာခြင်း သို့မဟုတ် အခြားလူတစ်စုံတစ်ဦး၏ပြောသောအရာများထက် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဘုရားသခင်ပြောတော်မူသောအရာ များကို ပို၍နားစွင့်ဂရုစိုက်ကြပါစို့။

## အမှောင်ထု၌ ဘုရားကို ယုံကြည်ကိုးစားခြင်း

အာဖြဟံသည် ကလေးဖွားခြင်းအတွက် နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့သည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သည် မိမိဆုတောင်းချက်အဖြေရရှိရန် နှောင့်နှေးသော်လည်း

ယုံကြည်ခြင်းဖြင့် စောင့်ဆိုင်းရန်သင် ယူနိုင်ပါသည်။ ကျွန်ုပ်တို့သည် အမှောင်ထုကြီးတွင် ဘုရားကို ကိုးစားနည်းသင်ကြားရန် လိုအပ်ကြသည်။

“သင်တို့တွင် အဘယ်သူသည် ထာဝရဘုရားကို ကြောက်ရွံ့သနည်း။ ထိုသူသည် ကိုယ်တော် ကျွန်၏ စကားသံကို နားထောင်ပါစေ။ အဘယ်သူသည် အလင်းမရှိဘဲ မှောင်မိုက်၌ သွားလာသနည်း။ ထိုသူသည် ထာဝရ ဘုရား၏ နာမတော်ကို ခိုလှုံ၍၊ မိမိဘုရားသခင်ကို အမှီပြုပါစေ” (ဟေရှာယ ၅၀း၁၀)။

ကလေးငယ်တစ်ဦးသည် အမှောင်ထဲတွင်မိဘများကို အားကိုးရန် သင်ကြားရမည်မဟုတ်လော။ အပြစ် မှနောင်တရ၍ ယေရှု၏အသွေးတော်အားဖြင့် ဆေးကြောခြင်းခံရသူ၊ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ သားတော်ကို ယုံကြည်သူ ကျွန်ုပ်တို့သည် အမှောင်ထုထဲလျှောက်လှမ်းသောအခါ ကောင်းကင်ဘုံရှင်ခမည်း တော်ကို ပို၍ ကိုးစားရမည် ဖြစ်သည်။

ဒါဝိဒ်သည် တောင်ထိပ်၌ အမြဲတမ်းနေခဲ့သလော။ ပေါလုသည် ဆင်းရဲဒုက္ခများနှင့် ကင်းလွတ် သောနေရာ မျိုးတွင် အမြဲတမ်းရှိနေခဲ့သလော။ (ဆာလံကျမ်း၊ ၂ကော ၁၁း၂၃-၃၃၊ ၁၂း၁-၁၀၊ ဖိ ၄း၁၃ တို့ကိုဖတ်ပါ)။ ကိုယ် တော်သည် ကျွန်ုပ်တို့အား စုံစမ်းနှောင့်ယှက်ခြင်းကို ကြုံတွေ့စေ သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့ထားရှိသော ချစ်ခြင်းအမှန်နက်နဲမှုနှင့် ကျွန်ုပ်တို့ အပေါ် ကိုယ်တော်မေတ္တာတော်ကို မည်သို့သိရှိ နိုင်ကြမည်နည်း။ ရောမ ၈း၂၈ တွင် “အရာခပ်သိမ်း”ကို သတိရကြပါစို့။ “ဘုရားသခင်ကို ချစ်သောသူ တည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော် မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစု ကြသည်ကို ငါတို့သိကြ၏။”

ကျွန်ုပ်တို့သ်ည နှလုံးသားအကြွင်းမဲ့ ဘုရားသခင်ကို ကလေးသူငယ်ကဲ့သို့ ကိုးစားလျှင် ကိုယ်တော်၏စိတ် တော်ကို အားရနှစ်သိမ့်စေတော်မူလိမ့်မည်။ လွန်ခဲ့သောနှစ်များက ကျွန်တော်က “ယုံကြည်ခြင်းရှိရန်အလွန် ခက်ခဲတယ်။ ယုံကြည်ရန်အတွက်လည်း ခဲယဥ်းတယ်”ဟု တွေးတော ခဲ့သည်။ ထိုအချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့နှလုံးသားသို့ ချက်ချင်းစကားပြောတော်မူခဲ့သည်။

"ယုံကြည်ရန် မခက်ခဲပါ။ ကလေးသူငယ် တစ်ဦးတောင်ယုံကြည်နိုင်တယ်။ကိုးစားရန် သင်မတွေး ရပေ။" လွန်ခဲသောနှစ်များစွာက ထိုအရာသည် ကျွန်ုပ်ကို ခွန်အားပေးနှစ်သိမ့်ခဲ့သည်။

"ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဥာဏ်ကို အမှီမပြုနှင့်" (သုတ္တံ ၃း၅)။ ကျွန်ုပ် တို့သည် နှုတ်ကပတ်တော်ကိုနာခံ၍ ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ကိုးစားလျှင် စိုးရိမ်းခြင်း သို့မဟုတ် ကြောက်ခြင်း သို့မဟုတ် ခွန်အားချည့်နည်းခြင်းများက ကျွန်ုပ်တို့ နှလုံးသား များ၌ နေရာမယူနိုင်တော့ပေ။ ကျွန်ုပ်တို့သည် မိမိဥာဏ်ကို "မကိုးစား"သင့်ပေ။ သံသယ သို့မဟုတ် ကြောက်စိတ်များနေရာမပေးရပေ။မာရ် နတ်ကို ခုခံတော်လှန်ပါ။ သူ့ကို နေရာမပေးပါနှင့် (ယာကုပ် ၄း၇-၈၊ ဖေက် ၄း၂၇)။

## မုန်တိုင်းတိမ်တိုက်တွင် သက်တန့်ကိုမြင်တွေ့ခြင်း

ဘုရားသခင်သည် အံ့ဩဖွယ်ကောင်းသောဘုရားဖြစ်တော်မူသည်။ ကိုယ်တော်၏ လမ်းသည် ကျွန်ုပ်တို့၏ လမ်းမဟုတ်ပေ(ဟေရှာယ ၅၅း၈-၁၃)။ အာဗြဟံသည် သားတစ်ဦး၊ အမွေစား အမွေခံရှိ လိမ့်မည်ဟူသော သူ့ အပေါ် ဘုရားသခင်၏ကတိတော်သည် အမှန်အကန်ပြည့်စုံခဲ့သည်။ သို့သော် အာဗြဟံသည် "သေသောအ ရွယ်အိုမင်း" သောအချိန်တွင် ဣဇာက်ဖွားမြင်ခဲ့သည် (ဟေဗြဲ ၁၁း၈-၁၂)။

ဘုရားသခင်၏သားတော်၊ သခင်ယေရှုသည် ခားမြနှစ်ဦးအကြား ကားတိုင်တင်ခြင်းခံ၍ တပည့်တော်များ ထွက်ပြေးကြသောအခါ ထိုသို့မှောင်မိုက်သောအခါ၊ ကျဆုံးသောအခါများ မည်သူက သခင်ယေရှု၏ နောက်သို့ လိုက်လျှောက်ခဲ့ကြသနည်း။ ရက်ပေါင်းငါးဆယ်ကြာခဲ့ပြီးနောက် ပင်တေကုတ္တေနေ့တွင် ကြီးမားသောနိုးထမှုကြီးပေါ်ပေါက်ခဲ့သည်။ ယုဒလူမျိုးထောင်ချီသည် ယုဒ လူမျိုးများ တရားစီရင်ခြင်းမခံမီ ကယ်တင်ခြင်းခံရ ကြသည်။သူတို့သည်တစ်ချိန်က တစ်ပါး အမျိုးများနှင့် မရောနှောဘဲ သီးခြားနေထိုင်သောသူများဖြစ်ကြသည်။

ယနေ့၌ပင် ကျွန်ုပ်တို့သည် ကာရာနီကတည်းက ကမ္ဘာ့အမှောင်မိုက်ဆုံးတစ်ခုတွင် အသက်ရှင် ခဲ့ကြသော်လည်း ဘုရားသခင်သည် အခြားသောကြီးမားသော ပင်တေကုတ္တေ တစ်ခု စေလွှတ်တော်မူ ၍ ကိုယ်တော်သည် ဣသရေလလူမျိုးများကို ပြန်လည်မခေါ်ဆောင်မီ ဟေလေသ လူများမှ

လူများစွာကို ကယ်တင်တော်မူလိမ့် မည်(ရောမ ၁၁း၁-၃၂)။ ကျွန်ုပ်တို့သည် ဘုရားကို စေ့စေ့ ကြည့်ကြပါစို့ (ဒံ ၉း၃)။ ဘုရားသခင်ထံတော်သို့မြဲမြဲ ကြပါစို့(ဟေရှာယ ၆၄း၇)။ ဘုရား သခင်ကြွတော်မူ၍ ဖြောင့်မတ်ခြင်းမိုးရွာစေတော်မူသည့်အထိ ဆုတောင်းကြပါစို့ (ဟောရှေ ၁၀း၁၂)။ ကိုယ်တော် ကတိပြုတော်မူသည့်အတိုင်း လူသားအားလုံးအပေါ် မိမိဝိညာဉ်တော် သွန်းလောင်း တော်မူ၍ မိမိဘုန်းတော် အတွက် လူပေါင်းများစွာကယ်တင်တော်မူလိမ့်မည်(ယောလ ၂း၂၈-၃၂၊ ယာကုပ် ၅း၇)။

# သမ္မာကျမ်းစာအုပ်၏ ထူးခြားမှု

## (The Wonder Of The Bible)

***By Dyson Hague***

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ အကျယ်တဝန်းလေ့လာလျှင် ကျမ်းစာ၏ထူးခြားမျုကို ပို၍ တိုးလာပါလိမ့်မည်။ ကျမ်းစာကို နက်ရှိုင်းစွာလေ့လာလေလေ ကျမ်းစာ ရိုးရိုးစာအုပ်နှင့် မတူဘဲ ဘုရားသခင်မှုတ်သွင်းတော် မူသောစာအုပ်ဖြစ်ည်ကို ပို၍ခံစားလာပါလိမ့်မည်။ ကျမ်းစာသည် တစ်ခုတည်းရပ်တည်သည်။ ကျမ်းစာကို အခြားသောစာအုပ်များနှင့်နှိုင်းယှဥ်လျှင် ကောင်းကင်နှင့်မြေကြီးကွာဝေးသကဲ့သို့လည်းကောင်း၊ ဘုရားသခင်၏ သားတော်သည် လူ၏သားသမီးများနှင့် အလွန်အမင်း ခြားနားသကဲ့သို့လည်းကောင်း လုံးဝကွာခြင်းနေသည် ကို ကျွန်ုပ်တို့တွေ့ရကြသည်။

### ဖွဲ့စည်းတည်ဆောက်ပုံထူးဆန်းမှု

ဤ သမ္မာကျမ်းစာအုပ်၏ ထူးဆန်းမှုအကြောင်းနှင့် ပတ်သက်၍ ပထမဦးဆုံးအချက်မှာ ကျမ်းစာတည်ရှိခြင်း၏ အချက်အလက်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် သမိုင်းနှင့် မူလဇစ်မြစ်ကို လေ့လာသူတစ် စုံတစ်ဦးက ကျမ်းစာတည်ဆောက်ဖွဲ့စည်းပုံ၏ ဆန်းကြယ်မှုကို အံ့သြ၍ ဆုံးနိုင်မည်မဟုတ်ပေ။ ကျမ်းစာအုပ် သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်၍ လောကတွင် အကောင်းဆုံးသောစာအုပ်ဖြစ်ပါသည်။ စာပေအ ရေးအသားလည်း အလွန်အံ့သြဖွယ်ကောင်းသည်။ သမ္မာကျမ်းစာကို ရေးသားရန်အတွက် လူတစ်စုံတစ်ဦးအ ပေါ်အမိန့်ပေးထားခြင်း

မရှိပေ။ သမ္မာကျမ်းစာကို ရေးသားသောသူများအပေါ် ကျမ်းစာကိုရေးသားရမည်ဟူ သော အတွေး အခေါ်များကိုလည်း ကြိုတင်ချမှတ်ပေးထားခြင်းမရှိပေ။

သမ္မာကျမ်းစာတဖြည်းဖြည်းတိုးတက်ကြီးထွားလာသောနည်းလမ်းသည်လည်း အချိန်၏ ထူးဆန်းမှုတစ် ခုဖြစ်လေသည်။ တဖြည်းဖြည်းချင်း၊ အစိတ်အပိုင်းတစ်ပိုင်းပြီးတစ်ပိုင်း၊ ရာစု တစ်ခုပြီးတစ်ခု၊ တစ်ဖြည်းဖြည်း ချင်း တစ်ခုနှင့်တစ်ခုအဆက်အစပ်မရှိဘဲ အပိုင်းအစတွေ ထွက်ပေါ်လာသည်။ မတူညီသောစာရေးဆရာများ စွာတို့က ရေးသားခဲ့သည်။ အစီအစဥ်စနစ်တကျ (ကျွန်ုပ်တို့ ပြောနိုင်သောအတိုင်းအတာ)စီရင်ပြုစုထားခြင်း လည်းမရှိပေ။ လူတစ်ဦးက အရဗျာတစ်နေရာမှ ရေးသားခဲ့သည်။ အခြားတစ်ဦး ဆီးရီးယားနေရာမှရေးသား ခဲ့သည်။ တတိယလူက ပါလက်စတိုင်းမှ ရေးသားခဲ့သည်။ အခြားတစ်ဦး ဂရိနှင့်အီတလီမှရေးသားခဲ့သည်။ အ ချို့စာရေးဆရာများက အချို့မတိုင်မီ နှစ်ပေါင်းရာချီပြီးနောက် ရေးသားခဲ့သည်။ အချို့က နှစ်ပေါင်းရာချီမတိုင် မီရေးသား ခဲ့သည်။ ပထမအစိတ်အပိုင်းသည် နောက်ဆုံးသောအစိတ်အပိုင်း ရေးသားသူ မတိုင်မီ နှစ်ပေါင်းရာချီ အချိန်ကတည်းကရေးသားခဲ့သည်။

ယခုအခြားစာအုပ်တစ်အုပ်ကို ကြည့်ကြပါစို့။ ထိုစာအုပ်မည်သည့်အချိန်တွင်ရေးသားခဲ့သည်ကို သင် ကောင်းကောင်းမသိနိုင်ပေ။ စာအုပ်ဆယ်အုပ်မှကိုးအုပ်တို့မှာ စာအုပ်ရေးသားရန် ဆုံးဖြတ်ချက်ချမှတ်၍ ရေး သားခဲ့ခြင်း ဖြစ်သည်။ စဥ်းစားတွေးတောသည်။ လိုအပ်သောအချက်အလက်များ စုစည်းခဲ့သည်။ ရေးသားခဲ့ သည်။ စိစစ်ခဲ့ရသည်။ကော်ပီယူ၍ ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ကို လေးလ သို့မဟုတ် ခြောက်လ သို့မဟုတ် ပို များသောလ သို့မဟုတ်နှစ်ပေါင်းများစွာကြာမှ ပြီးစီးခဲ့ရသည်။ အများအားဖြင့် စာအုပ်တစ်အုပ်ထုတ်ဝေရန် တစ်နှစ်မှဆယ်နှစ်အတွင်း ကြာတတ်သည်။ Gibbon ရေးသားသောစာအုပ် Decline and Fall of the Roman Empire, ရောမအင်ပါယာ ဆုတ်ယုတ်ခြင်းနှင့် ကျဆင်းခြင်း၊ သို့မဟုတ် Tennyson ၏ကဗျာစာအုပ်တို့သည် ပြီးမြောက်ရန် အချိန်ယူရသည်။ သို့သော် ယေဘုယျအားဖြင့်ပြောရလျှင် လူတစ်ဦးရေးသားသောစာအုပ်ကို သူ၏ ခေတ်အတွင်းသာ ထုတ်ဝေခဲ့သည်။

သို့သော် နှစ်ပေါင်းတစ်ထောင့်ငါးရာကျော်ကြာရေးသားခဲ့သောစာအုပ်၊ ဤလောကသမိုင်း၏ မျိုးဆက် ခြောက်ခုအတွင်းရေးသားခဲ့သောစာအုပ်တစ်အုပ်ရှိခဲ့သည်။ ထိုစာအုပ်တွင် ဘုရားသခင်၏ အကြောင်းများကို ဖော်ပြထားသည်။ ကိုယ်တော်၏ နစ္စထာဝရတည်မြဲတော်မူခြင်း အကြောင်းကိုလည်း ဖော်ပြထားသည်။ ကိုယ် တော်၏တိတ်ဆိတ်ငြိမ်သက်ခြင်း၊ စာအုပ်ပြီးဆုံးသည့် အချိန်ကို သည်းခံစောင့်ဆိုင်းတော်မူခြင်း၊ နှစ်ပေါင်း များစွာအတောအတွင်း မရေတွက်နိုင်သော လူပေါင်းများစွာကို ဖြတ်သန်းကျော်လွှားခြင်း၊ ကျမ်းစာအုပ်၏တစ် ဖြည်းဖြည်းချင်း၊ တိတ်ဆိတ်စွာ တိုးတက်လာခြင်းကို ကျွန်ုပ်တို့စဉ်းစားသိရှိနိုင်ကြသည်။ ဤတွင် တစ်ဖြည်း ဖြည်းချင်း စုစောင်း လာသည်။ အချို့မှာ သမိုင်း၊ အချို့မှာပရောဖက်ပြုချက်၊ ဝတ္ထုကဗျာနှင့်သမိုင်းများကိုတွေ့ရသည်။ နောက်ဆုံးတွင် ဖြစ်စဥ်ကြာလာသည်နှင့်အမျှ ဘုရားသခင်၏ အိမ်တော်ဟောင်းကဲ့သို့ တိတ်ဆိတ်စွာ နေရသည်(၃ရာ ၆း၇)။ နောက်ပိုင်းတွင် လုပ်ငန်းစဥ်များဆက်လက်ဆောင်ရွက်၍ လုပ်ငန်းအမှု အကုန်အစင် ပြီးစီးသွားခဲ့သည်။

မောရှေသည် စာအုပ်ငယ် ငါးအုပ်ပြီးသောအခါ သေဆုံးခဲ့သည်။ ဒါဝိဒ်နန်းတက်သောအခါ စာမူ အနည်းငယ်သာရှိခဲ့သည်။ တစ်ခုပြီးတစ်ခု ရှင်ဘုရင်၊ ယဇ်ပရောဟိတ်၊ နှင့်ပရောဖက်များက ပို၍များပြားစွာ အနည်းငယ်စီ စုဆောင်းခဲ့ကြသည်။ ထိုသို့အားဖြင့် ဓမ္မဟောင်းကျမ်းတစ်ခုလုံးကို အချိန်ယူ၍ ပြီးဆုံးသွားခဲ့သည်။

ထိုနောက် တန်ခိုးကြီးသောဝိညာဥ်တော်၏မှုတ်သွင်းတော်မူခြင်းအားဖြင့် ပူးပေါင်းတိုင်ပင်ခြင်း သို့မဟုတ် ပူးပေါင်းစီမံခြင်းမရှိဘဲ တစ်ခုပြီးတစ်ခုစုဆောင်ရာ နောက်ပိုင်းတွင် ဓမ္မသစ်ကျမ်းထွက်ပေါ် လာခဲ့သည်။

သမ္မာကျမ်းစာသည် အလွန်ထူးဆန်းသည်။ စာအုပ်အားလုံးများထက် သာလွန်သည်။ ကျမ်းစာ၏ ဖွဲ့စည်း တည်ဆောက်မှု စာပေအရေးအသားသည် အလွန်ဆန်းကြယ်သည်။ စာရေးသူကိုယ်တိုင် ဘုရားသခင်ဖွင့်ပြ တော်မူခြင်းမရှိလျှင် လူ့ဦးနှောက်ဖြင့် ရှင်းပြနိုင်သောအရာမဟုတ်ပေ။

### ကျမ်းစာ၏ ညီညွတ်မှုထူးဆန်းမှု

အခြားအရာတစ်ခု- ဤသမ္မာကျမ်းစာသည် စာအုပ်ဖြစ်သည်ဟု ကျွန်ုပ်တို့ပြောခဲ့သည်။ ဤစာအုပ်ကို စာ အုပ်ငယ် ခြောက်ဆယ်ခြောက်အုပ်ပါဝင်သည်၊ စာရေးသူ သုံးဆယ် နှင့် လေးဆယ်တို့က ရေးသားခဲ့သည်၊ ဘာ သာသုံးမျိုးဖြင့်ရေးသားခဲ့သည်၊ ခေါင်းစဉ်အမျိုးမျိုးရှိသည်၊ ပတ်ဝန်းကျင်အခြေအနေများလည်းသဘာဝတရား ထက်လွန်ကဲသည်ဟု လွယ်လွယ်ဖြင့်ထင်တတ်ကြသည်။

စာရေးဆရာတစ်ဦးက သမိုင်းအကြောင်းရေးသားခဲ့သည်။ အခြားတစ်ဦးက အတ္တုပ္ပတ္တိ ရေးသားခဲ့သည်။ အခြားတစ်ဦး သီအိုလော်ဂျီရေးသားခဲ့သည်။ အခြားတစ်ဦးက ကဗျာ၊ အခြား တစ်ဦးက ပရောဖက်၊ အချို့က သူတို့၏ ဒသဗေဒအတွေးအခေါ်များ၊ မျိုးရိုဗေဒနှင့် လူမျိုးစုနှင့်အချို့က စွန့်စားခန်း သမိုင်းနှင့်ခရီးသွားခြင်းအ ကြောင်းများကိုရေးသားခဲ့သည်။

အထူးဆန်းဆုံးသောအရာမှာ သူတို့ရေးသားသောအကြောင်းအရာများသည် ကွဲပြား၍ ခက်ခဲသော်လည်း၊ လူ့ဦးနှောက်ဖြင့် အခက်ခဲဆုံးနှင့်စိတ်ရှုပ်စရာဖြစ်သော်လည်း၊ မဖြစ်နိုင်သောအရာများစွာပါဝင်သော်လည်း၊ သို့မဟုတ် စကားလုံးများသည် မဖြစ်နိုင်ဘွယ်ရှိနေသော်လည်း (ပထမစာမျက်နှာရေးသောသူများသည် နှစ် ပေါင်း ၁၅၀၀ ခန့်ကြာပြီးနောက် အခြားတစ်ယောက်က ပြန်ဆက်ရေးသားခဲ့သည်) ကျမ်းစာအုပ်သည် လူများ က စာအုပ်တစ်အုပ်အဖြစ်စုစည်းခြင်းမဟုတ်ဘဲ ဘုရား၊ စာရေးသူ ကိုယ်တော်တိုင်း စုစည်းထားတော်မူခြင်းဖြစ်သောကြောင့် သမ္မာကျမ်းစာသည် ထူးခြားသောစာအုပ်တစ်အုပ်ဖြစ်လာသည်။ ကျမ်းစာအုပ်သည် စာပေ အရေးအသား၌ အလွန်ထူးခြားပြောင်မြောက်သောစာအုပ်တစ်အုပ်ဖြစ်သည်။

### ကျမ်းစာအုပ်၏ သက်တမ်းထူးဆန်းမှု

တဖန် ယနေ့ ကျွန်ုပ်တို့ကိုင်တွယ်သောကျမ်းစာအုပ်သည် အလွန်ထူးဆန်းသည်။ သမ္မာကျမ်းစာအုပ်၏ သက်တမ်းကို ကျွန်ုပ်တို့ စဉ်းစားသောအခါ အလွန်ဆန်းကြယ်လှပါသည်။ ကျမ်းစာအုပ်သည် အခြားသောစာအုပ်များ နှင့်နှိုင်းယှဉ်သောအခါ ဤ စာအုပ်သည် အလွန်ထူးဆန်းသည်ကို တွေ့ရသည်။

စာပေအရေး အသား၏ အကြီးမားဆုံးသော စမ်းသက်ခြင်းတစ်ခုမှ အချိန်ကာလဖြစ်သည်ဟု သင်တို့အားလုံးသိကြသည်။ လွန်ခဲ့သော နှစ်ပေါင်းအနည်းငယ်ခန့်က ရေးသားသောစာအုပ်များကို

ယနေ့ ကျွန်ုပ်တို့မှ ပျော့ခဲ့ကြသည်။ သူတို့သည် မွေးဖွားခဲ့ကြသည်။ ဝေဆာခဲ့ကြ၍ သေခဲ့ကြသည်။ သူတို့၏ လက်ရာများသည် သူတို့အပေါ်သို့ချထားခဲ့သည်။ သူတို့သည် အချိန်ကုန်ဆုံးခဲ့ရသည်။ သူတို့တန်ခိုးအာဏာသည် ပျောက်ကွယ် သွားခြေသည်။ ထိုပြင် လွန်ခဲ့သောနှစ်ငါးရာကြာစာအုပ်သည် ယနေ့ လူသန်းပေါင်းများစွာက ဖတ်ရသေးသလော။ စာအုပ် ဟောင်းလေလေလောစာဖတ်သူ နည်းလေလေ၊ ရှင်သန်မှုလည်းလျော့နည်း လေလေဖြစ်သည်။ လူ များစွာက ထိုသို့သောစာအုပ် ဟောင်းများကို မဖတ်တော့ကြပေ။

သို့သော် သမ္မာကျမ်းစာအကြောင်းနှင့်ပတ်သက်၍ ထူးခြားမှုမှာ လောကတွင် ဤ စာအုပ်သည် အကောင်းဆုံးဖြစ်သည်။ အလွန်ဆန်းကြယ်သောအရည်အချင်းရှိသည်။ မည်သို့ပင် အချိန်ကာလကြာနေပါစေ လူမျိုးအားလုံးတွင် ပျံ့နှံ့၍ ဖတ်ရှုနေဆဲဖြစ်သည်။ ကျမ်းစာကို ရေးသားသူများသည် လွန်ခဲ့သောနှစ်ပေါင်း နှစ် ထောင် သို့မဟုတ် သုံးထောင်တွင် သေခဲ့ကြသည်။ ယနေ့ အထိ အသက်မရှင်ကြတော့ပေ။ သို့သော် ဤစာအုပ်သည် ကမ္ဘာပေါ်တွင် အရောင်းရဆုံးသော စာအုပ်ဖြစ်သည်။

## လူများ၏ စိတ်ဝင်စားမှုအပေါ် ထူးခြားမှု

သမ္မာကျမ်းစာ၏ အခြားထူးခြားမှုတစ်ချက်မှာ ကမ္ဘာပေါ်တွင်ရှိသော လူတန်းစားအားလုံးနှင့် လူမျိုး ပေါင်းစုံ တို့သည် ကျမ်းစာအုပ်ကို ဖတ်ရှုခဲ့ကြခြင်း ဖြစ်သည်။ ကျမ်းစာအုပ်သည် အခြားသော စာအုပ်များနှင့် မတူဘဲ ထူးခြားသောစာအုပ်ဖြစ်သည်။ ပညာရှိသောသူများက ဖတ်ရှုကြသည်။ ကလေး သူငယ်များကလည်း ဖတ်ရှုကြသည်။ အသက်ကြီးသောသူများကလည်းဖတ်ရှုခဲ့ကြ၍ တစ်ကမ္ဘာလုံး ကြည်ညိုမြတ်နိုးသောစာအုပ်တစ်အုပ် ဖြစ်သည်။

ကျမ်းစာအုပ်သည် အခြားသောစာအုပ်စာပေများနှင့်လုံးဝမတူပေ။ ကျွန်ုပ်တို့သားငယ်၊ သမီးငယ်များက နေအိမ်နှင့်ဥပုသ်စာဖြေကျောင်းများတွင် ဖတ်ရှုလေ့လာကြသည်။ ပညာရှိပုဂ္ဂိုလ်များဖြစ်ကြသော နယူတွန် နှင့် ဟာဆဲလ်နှင့် ဖာရာဒေးနှင့်ဘရေစတားနှင့် ဂလက်စတုန်းနှင့် လင်ကွန်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးများက ဤ ကျမ်းစာအုပ်ကို ဝမ်းမြောက်စွာခံယူ၍ သူတို့၏ အသက် လမ်းညွှန်အဖြစ် အသုံးပြုခဲ့ကြသည်။

### ဘာသာစကား ထူးခြားမှု

ဤသမ္မာကျမ်းစာအုပ်၏အခြားထူးခြားသောအရာတစ်ခုမှာ ဂရိတွင် ပညာသင်ကြားရာတွင် အသုံးပြုသော ဘာသာစကားကြီးဖြစ်သည့် အာသဉ်ဘာသာအားဖြင့်မရေးသားခြင်းဖြစ်သည်။ ဧဂျစ်ပြည့် အာလက်ဂျင်းဒါး ယားဘာသာစကားအားဖြင့်လည်း မရေးသားခဲ့ပေ။ ရှေးခေတ် ပညာရေးကို အခြေခံ၍ ဉာဏ်ပညာတို့ဖြင့်ပြည့် စုံသောလူများအားဖြင့် ကျမ်းစာကို မရေးသားခဲ့ပေ။ ပလက်စတိုင်းတွင် နေထိုင်သောသူများအားဖြင့်ကျမ်းစာ ကိုရေးသားခဲ့ခြင်း ဖြစ်သည်။ တစ်ဦးသည် လယ်သမား၊ အခြားတစ်ဦးမှာ သိုးထိန်းနှင့် အချို့တို့မှာ တံငါသည်များဖြစ်ကြသည်။ သူတို့သည် ပညာတတ်ပုဂ္ဂိုလ်များမဟုတ်ကြပေ။ သို့သော် ဤသို့သောလူများသည် ဘုရား သခင်ချ ပေးတော်မူ သောတန်ခိုးတော်အားဖြင့် ကျမ်းစာအုပ်ကိုအကောင်းဆုံးရေးသားနိုင်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ကျမ်းစာသည် ကမ္ဘာ့စာပေလောကတွင် အဆင့်မြင့်ဆုံးသော စာအုပ်တစ်အုပ်ဖြစ်လာခဲ့သည်။

ယနေ့ ယုဒလူမျိုးများသာမက တစ်ကမ္ဘာလုံးအသုံးပြုနေသော ကျမ်းစာအုပ်ကို ရေးသားပြုစု နိုင်ရန် ဤ စာမတတ်သောပုဂ္ဂိုလ်များ၊ ရိုးရိုးသာမန်လူများက အကောင်းဆုံး၊ အထိ ရောက်ဆုံးနှင့် အဆင့်မြင့်ဆုံးဖြစ်လာရန် ရေးသားပြုစုနိုင်ခြင်း သင်မည်သို့ ရှင်းပြလိမ့်မည်နည်း။

### ကျမ်းစာ၏ ထိန်းသိမ်းခြင်း ထူးခြားမှု

သမ္မာကျမ်းစာအကြောင်းနှင့်ပတ်သက်၍ အခြားထူးခြားမှုတစ်ခုမှာ ရက်စက် ကြမ်းကြုတ်မှုနှင့် ညှဥ်းပန်း ဖျက်စီးမှုများအကြား ရပ်တည်နိုင်ခြင်းဖြစ်သည်။ ရာစုတစ်စုပြီးတစ်စု လူများက ကျမ်းစာကို မီးရှို့ရန်နှင့်မြေ မြှုပ်ရန် ကြိုးစားခဲ့ကြသည်။ ကျမ်းစာကို ဖျက်စီးရန်အတွက် လူများက အချိန်တိုင်း ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ လောကရှင်ဘုရင်များနှင့် အသင်းတော်အုပ်ချုပ်သူများက ဆွေးနွေး တိုင်ပင်၍ ကျမ်းစာအုပ်အားကမ္ဘာ့ မျက်နှာပြင်မှဖယ်ရှားရန်အတွက် ကြိုးစားခဲ့ကြသည်။

၃ဝ၃ခုနှစ်တွင် ရောမဧကရာဇ်ဒိုင်အိုကလီတီယန်သည် ကမ္ဘာကြီးက စာအုပ်တစ်အုပ်ဟု သိရှိထားသည့် ကြောက်မက်ဖွယ်အကောင်းဆုံးထိုးနှက်မှုများကို စတင်ခဲ့သည်။ ကျမ်းစာအားလုံး ဖျက်ဆီးလု နီးပါးဖြစ်သည်။ ခရစ်ယာန်များစွာ ပျက်စီးသေဆုံးကြသည်။“Extincto nominee

Christianorum" (extinct သည် ခရစ်ယာန် များ၏နာမည်ဖြစ်သည်)ဟူသော ကမ္ပည်းဖြင့် ဖျက်သိမ်းထားသော ကျမ်းစာတစ်အုပ်ပေါ်တွင် အောင်ပွဲကော် လံတစ်ခုကို တည်ဆောက်ခဲ့ကြသည်။

နှစ်ပေါင်းများစွာကြာညောင်းခဲ့ပြီးနောက် နောအအေးဖြင့် ကမ္ဘာပေါ်တွင်လူများပြန်လည် တိုးပွားခြင်းနှင့်အတူ ကျမ်းစာဆက်လက်ပေါ်ထွက်လာခဲ့သသည်။ ပထမအထွေထွေကောင်စီတွင် သမ္မာ ကျမ်းစာသည် မမှား ယွင်းနိုင်သောသမ္မာတရားဖြစ်သည်ဟု ၃၂၅ ခုနှစ်တွင် ကွန်စတန်တိုင်းက အတည်ပြုခဲ့သည်။

ထိုနောက် အလယ်ခေတ်တွင် ညှဥ်းပန်းဖျက်ဆီးမှု ပေါ်ပေါက်ခဲ့သည်။ ရောမအသင်းတော်သည် လူများထံ နှုတ်ကပတ်တော်များငြင်းဆိုခဲ့သည်ကို သင်တို့အားလုံးသိရှိကြသည်။ ရောမအသင်း တော်သည် လူများထံ သမ္မာကျမ်းစာ မယုံကြည်စေခဲ့ပေ။ နှစ်များစွာအတွင် ကျမ်းစာကို လူသူ မသိသော စာအုပ်ဖြစ်ခဲ့ရသည်။ မာတင်လုသာကြီးပြင်းလာသောအခါ သူက မိမိဘ၀တွင် ကျမ်းစာ မမြင်ခဲ့ဖူးသည်ဟု ပြောခဲ့သည်။

ထို့ပြင် ကောင်စီ၀င်များ၏အမိန့်အာဏာ၊ ပုပ်ရဟန်အဖွဲ့အစည်းများက ကျမ်းစာကို မီးရှို့ဖျက်ဆီး ခဲ့ကြ၍ ကျမ်းစာဖတ်ရှုသူများကိုလည်း မီးရှို့သတ်ဖြတ်လိုက်ကြသည်။

နှစ်ပေါင်း နှစ်ရာနှင့်ငါးဆယ်အတွင်း သမ္မာကျမ်းစာကို ဆန့်ကျင်ဘက်ပြုလျက် ဖျက်ဆီးရန် ကြိုးပမ်းအား ထုတ်ခဲ့ကြသည်။ ကျမ်းစာ၏အကြီးမားဆုံးရန်သူများမှာ လွှတ်လပ်စွာ တွေးခေါ် နိုင်သည်ဟူသော လူများဖြစ်၍ ဘိုလင်းဘလောက်နှင့် ဟူမီနှင့်ဗိုလ်တိုင်ရီတို့သည် ကျမ်းစာကို ဖျက်သိမ်းရန် ကြိုးပမ်းတတ်ကြသည်။ ဖရင့် မန့်က သူ့ခေတ် နှစ်ပေါင်းတစ်ရာ ကျော်ပြီးနောက် ကျမ်းစာကို လုံး၀တွေ့ရတော့မည်မဟုတ်ကြောင်း ကျမ်းစာကို လုံး၀ဖျက်သိမ်းရန် ကြိုးစား အားထုတ်ခဲ့သေးသည်။

ထိုနောက် ဂျာမန် လူမျိုးရေး မျိုးချစ်စိတ်ဓါတ်များစွာတို့ကလည်း ကျမ်းစာကို အပြီးအပိုင်းဖျက် သိမ်းရန် တိုက်ခိုက်မှုများအားလုံးပြုခဲ့ကြသည်။

ယနေ့ ကျမ်းစာအုပ်သည် ပို၍ သန်မာလာခဲ့သည်။ ကျမ်းစာအုပ်သည် ခိုင်မာစွာ ရပ်တည်လိမ့်မည်။ ကျမ်း စာဖျက်ဆီးသူများသည် ပို၍ဆိုးသွမ်းကြသည်။ သူတို့သည် အလွန်လေးလံသောလုပ်ငန်းကို

လုပ်ဆောင်ခဲ့ကြသည်။ သူတို့သည် ကျမ်းစာကို လုံးဝဖျက်သိမ်းရန်အတွက် ကျမ်းစာကို မီးရှို့ ခဲ့ကြသည်။

သမ္မာ ကျမ်းစာသည် ဖျက်ဆီးခြင်းနှင့်ပုန်ကန်ထကြွခြင်းနှစ်ပေါင်းများစွာခံရသော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်သည် လွတ်လပ်စွာအသက်ရှင်၍ ဂုဏ်ပြုခြင်းခံရပါသည်။

## ရပ်တည်နိုင်ခြင်း

ကျမ်းစာ၏ နက်ရှိုင်းမှုသည် တိုင်းတာ၍မရပေ။ ၎င်း၏မြင့်မားမှုသည်လည်း တိုင်းတာ၍မရပေ။ ခေတ်အ ဆက်ဆက် စာဖတ်သူနှင့်စာရေးသူသန်းပေါင်းများစွာတို့သည် ရှာဖွေတူးဆွ နေကြသော်လည်း အကုန်အစင်မ သိနိုင်ကြပေ။ ကျမ်းစာ၏ နက်နဲမှုများကို ပြောင်ပြောင် မြောက်မြောက် မသိနိုင်ကြပေ။ ကျမ်းစာအုပ်သည်တစ် ခေတ်ပြီးတစ်ခေတ် အသစ်ပြန်လည်မွေးဖွားလာ၍ တန်ခိုး၊ အယူအဆများ၊ အကြံအစည်များ၊ အစီအစဥ်များ၊ ခေါင်းစဥ်များနှင့်စာအုပ်များပို၍ တိုးပွားလာခဲ့သည်။ ကျမ်းစာလေ့လာသူများက ကျမ်းစာကိုအနက်ဖွင့်ဆို တတ်ကြသည်။ ကျောင်းသားအများစုတို့သည် ကျမ်းစာကို နေ့တိုင်းလေ့လာခဲ့ကြသည်။ နေ့တိုင်းကျမ်းစာကို ဖတ်ရှုလေ့လာသူ သန်းပေါင်းများစွာရှိသည်။

ကျမ်းစာအခန်းကြီးတစ်ခု သို့မဟုတ် အခန်းငယ်တစ်ခုပြန်လည်ရေးသားသော စာအုပ် အတွဲများသည် စာအုပ် စင်များစွာပြည့်နိုင်သည်။ ယနေ့ ၎င်းတို့သည် ပထမရေးသားထားသော နေ့ရက်အတိုင်း မပြောင်းလဲဘဲ အ သစ်ဖြစ်နေသည်။ ဝေဆာပွင့်လန်းသည်။ မကုန်ခန်းနိုင်ပေ။

## ကျမ်းစာ၏ အခွင့်အာဏာ

ကျမ်းစာ၏ အခွင့်အာဏာသည်အခြားထူးဆန်းမှုဖြစ်သည်။ ကောင်းကင်မှလာသော ဘုရား၏ အသံနှင့်တူသည်။ ကျမ်းစာ၏ပထမစာအုပ်ငါးအုပ်တွင် **"ဘုရား မိန့်တော်မူသည်"** သို့မဟုတ် **"ဘုရားမြွက်ဆိုတော်မူသည်"** ဟု အစချီခြင်း သို့မဟုတ် နိဂုံးချုပ်ခြင်းများကို အကြိမ်ပေါင်း ငါးရာ တိုင်တိုင်တွေ့ရသည်။ နောက်စာအုပ်များတွင် အကြိမ်ပေါင်းသုံးရာတိတိတွေ့ရသည်။ "ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုနားထောင်ကြပါ" သို့မဟုတ် "ဘုရားသခင်မိန့်တော်မူသည်" ဟု ဖော်ပြချက်ကို ပရောဖက်ကျမ်းများတွင် အကြိမ်နှစ်ရာတိတိ တွေ့ရသည်။

ထိုကြောင့် အခြားစာအုပ်များက လူအများအတွက် လိုက်နာကျင့်သုံးရမည့်မိန့်ခွန်းကို ဖော်ပြချက် မပြုရဲပေ။ လူသားများနာခံရန် ဤသို့ကြွေးကြော်ခြင်း သို့မဟုတ် အမိန့်ပေးခြင်းများ အခြား စာအုပ်များတွင် မတွေ့ရပေ။ ခေတ်အဆက်ဆက်တွင် အသက်ရှင်သောလူသားများက ဤ ကြွေး ကြော်မှုကို နာခံ၍ အသိအမှတ်ပြုခဲ့ကြသည်။ ကျမ်းစာက လူသားများ၏ အတွင်းနှလုံး သားအား ဘုရားသခင်၏မိန့်မြွက်တော်မူသောအခွင့်အာ ဏာကို စကားပြောသည်။

## အသက်ရှင်၍ လုပ်ဆောင်ခြင်း

လူများက ကျမ်းစာအား မှတ်သွင်းခြင်းခံရသောစာအုပ်အဖြစ် ထင်မှတ်ကြသည်။ သို့သော် ကျမ်းစာအုပ်၏ ထူးခြားမှုမှာ ကျမ်းစာအုပ်သည် တိကျမှန်ကန်၍ လုပ်ဆောင်ခြင်း ဖြစ်သည်။ ယနေ့ ကျမ်းစာအုပ်သည် လူသားများ၏ အတွင်းနှလုံးသားသို့ ထိုးဝင်လာခဲ့သည်။ ဘုရားသခင်သည် လူတစ်ဦး အသက်ရှင်ရန်နှင့်ခွန်အားဖြည့်စေရန် အသက်မှုတ်သွင်းသကဲ့သို့ လူသားများ၏ အတွင်းနှလုံးသား ထဲသို့ နှုတ်ကပတ်တော်မှုတ်သွင်းနေရခြင်းဖြစ်သည်။ အသက်ရှင်တော်မူသော ဘုရားသည် ကျမ်းစာကိုပေးအပ်တော်မူ၍ အသက်ရှင်သောတန်ခိုး ကိုလည်းပေးအပ်တော်မူသော ရှင်သန်သောအသက်ဖြင့် ကျမ်းစာသည် အသက်ရှင်သောနှုတ်ကပတ်ဖြစ်လာ ပါသည်။

ဆာလံ ၂၃သည် မှုတ်သွင်းခြင်းခံရသည်။ သို့သော် ယနေ့ ထိုနှုတ်ကပတ်တော်သည် "တရား တော်၌ အံ့ဘွယ်သောအရာတို့ကိုမြင်နိုင်ပါမည်အကြောင်း၊ အကျွန်ုပ်၏မျက်စိတို့ကို ဖွင့်တော်မူပါ" (ဆာလံ ၁၁၉း၁၈) နှင့်အညီ ထို နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့နားသို့ တီးတိုးကြား နိုင်ကြသည်။ ကျမ်းစာသည် အသက်ရှင်သောနှုတ်ကပတ်တော်ဖြစ်သည်။ ဝိညာဉ်တော်သည် နှုတ် ကပတ်တော်အားဖြင့် ပြန်လည်၍ တစ်ကြိမ်အ သက်ကိုမှုတ်သွင်းတော်မူသည်။

ဤအရာသည် ကျမ်းစာ၏ မှတ်သားဖွယ်အကောင်းဆုံးနှင့် အထူးခြားဆုံးသောသွင်ပြင် လက္ခဏာဖြစ်ပါသည်။ ကျမ်းစာသည် ကျွန်ုပ်ပိုင်ဆိုင်မှုအဖြစ်ခံစားသည်။ ကျမ်းစာကတိတော်များ သည်လည်း ကျွန်ုပ်အတွက် ဖြစ်ပါသည်။ ဆာလံ ၁၀၃သည် ရှေးဟေဗြဲဘာသာ စကားတွင်မပါဝင်ပါ။ ၎င်းကို ကျွန်တော်ဖတ်သောအခါ ယနေ့အတွက် ခွန်အားဖြစ်စေသည်။ ကျွန်တော် အသက်ရှင်သော

လူသားသည် ကျေးဇူးတင်ခြင်းဖြင့် "အော် ငါ့ ဝိညာဉ်ထာဝရဘုရားကို ချီးမွမ်းလော့ " ဟု ကြွေးကြော် နိုင်သည်။

### ဖန်တီး၍ အသွင်ပြောင်းခြင်း

ကျမ်းစာသည် လူသားများ၏ဘဝကို ပြောင်းလဲစေသည်။ သူတို့၏ပန်းတိုင်များကိုလည်း ပြောင်းလဲစေ သည်။ ကမ္ဘာ့လူ့ပ်ရှားမှုများကိုလည်း ဖွင့်လှစ်ပေးသည်။ အသက်တာ ပြုပြင် ပြောင်းလဲ သူထဲက လုသာလည်း ပါဝင်၍သူသည် ယခုမျက်မှောက်ကာလအတွက် အထင်ရှား ဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ ကျမ်းစာသည်မဖြောင့် မတ်သောလူ့အဖွဲ့အစည်းသို့ အင်အား ပြန်လည် ဖြည့်ပေးခြင်းအဖြစ် ဝင်ရောက်လာသည်။ စီးပွါးရေးလုပ်ငန်း စဉ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွေးနုတ်ခြင်းနှင့် ပညာရေးများကို ကျမ်းစာက မီးမောင်းထိုးပြ၍ လမ်းညွှန်ပေးထားသည်။ ဘုရား သခင်၏ နှုတ်ကပတ်တော်အသစ်ပြုပြင်ပြောင်းလဲသောတန်ခိုးသက်သေသည် ထောင်ပေါင်းများစွာ ရှိ၍ အစဉ်ထာဝရ အသက်ရှင်ကိန်းဝပ်သွားခဲ့သည်။

### ကျမ်းစာသည် ခရစ်တော်ကိုထင်ရှားစေခြင်း

သို့သော် ကျမ်းစာအုပ်၏အထွတ်အထိပ်ထူးခြားမှုမှာ ခရစ်တော်ဖြစ်သည်။ ကိုယ်တော်သည် ကျမ်းစာ၏ ပြည့်စုံခြင်း၊ အချုပ်အခြာနှင့် အဓိကအကြောင်းအရာဖြစ်တော်မူသည်။ ဓမ္မဟောင်း ကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့ သည် သခင်ယေရှု၊ သမိုင်း၏ အမြင့်မြတ်ဆုံးသောပုဂ္ဂိုလ်၊ သမိုင်း၏ အင်အား၊ သမိုင်း၏အနာဂတ်ကာလအ ကြောင်းကို ဖော်ပြထားသည်။ ထိုကြောင့် ဤစာအုပ်အား "ထို မြို့သည် နေ၏အရောင်၊ လ၏ အရောင်ကို အလိုမရှိ။ အကြောင်းမူကား၊ ဘုရားသခင်၏ ဘုန်းတော် သည် ထိုမြို့ကို လင်းစေ၏။ သိုးသငယ်သည်လည်း ထိုမြို့၏ ဆီမီးဖြစ်၏" (ဗျာဒိတ် ၂၁း၂၃) ဟု ဖော်ပြထားသည်။

လူသားများသည် ကျမ်းစာဖော်ပြထားသောအထွတ်အမြတ်ပုဂ္ဂိုလ်ကြီး၊ လောကမှ အမြင့်မြတ် ဆုံးသော ပုဂ္ဂိုလ်-ခရစ်တော်၊ သမိုင်းတွင်အကြီးမြတ်ဆုံးသော ပုဂ္ဂိုလ်နှင့်ပရောဖက်တို့၏ အဓိက ပုဂ္ဂိုလ်-ခရစ်တော်၊ ဖွင့် ပြသူ၊ ကယ်တင်သူ၊ သေခြင်းမှထမြောက်သူ၊ အစိုးရသူ၊ ပြန်လည် ကြွလာ မည့်သူ-သခင်ယေရှု၊ လူသားအား လုံး၏လိုအပ်အင်ဆန္ဒ၊ နှင့်အညီ အသက်ရှင်နေသရွေ့ ဤ

စာအုပ်သည် လူသားများ၏ နှလုံးကိုသံလိုက်ကဲ့သို့ ဖမ်းဆုတ်သွားလိမ့်မည်။ လူသားများသည် နှုတ်ကပတ်တော်အားဖြင့်ရပ်တည်ရမည်။ အသက်ရှင်ရမည်။ အ သေခံရမည် ဖြစ်သည်။

သင်သည် ကျမ်းစာကိုကြည့်သောအခါ ကြည်ညိုလေးစားပါလိမ့်မည်။ ဝိညာဉ်တော်၏ မစခြင်းအားဖြင့် ဖတ်ရှုလိုက်ပါ။ "ဘုရားသခင်ကလည်း၊ မချဉ်းနှင့်။ သင်၏ခြေနင်းကို ချွတ်လော့။ သင်နင်းသော အရပ်ကား သန့်ရှင်းသော မြေဖြစ်သည်ဟူ၍ ၎င်း…" (ထွက် ၃း၅)။

အခြားစာအုပ်များသည် ဤလောကနှင့်စပ်ဆိုင်သည်။ ကျမ်းစာသည် ကောင်းကင်မှလာသည်။ ကျမ်းစာ တွင် ဘုရားသခင်၏နှုတ်ကပတ်တော်များ *ပါဝင်သည်* ဟူ၍သာ မထင်မှတ်၊ မပြောပါနှင့်။ ကျမ်းစာသည် ဘု ရားသခင်၏နှုတ်ကပတ်တော် ဖြစ်သည်။

ကျမ်းစာကို ကောင်းသောစာအုပ်တစ်အုပ်အဖြစ်သာမထင်ပါနှင့်။ ပို၍ကောင်းသောစာအုပ်အဖြစ်သာမထင်ပါနှင့်။ သင်၏နှလုံးသားနှင့်ယုံကြည်မှုဖြင့် ဆုပ်ကိုင်ပါ။ လူတစ်ဦး၏ စကားအဖြစ်သာမထင်ပါနှင့်။ သမ္မာ တရား၊ နှုတ်ကပတ်တော်အဖြစ် ယုံကြည်ပါ။ အသက်ရှင်တော်မူသော အသက်နှင့် ပြည့်စုံသောနှုတ်ကပတ်တော်အဖြစ်ယုံကြည်ပါ။ သဘာဝတရားထက်လွန်ကဲသည်။ တန်ဖိုးမဖြတ်နိုင်ပေ။ အတိုင်းအဆမရှိပေ။လူသား များလက်ဖြင့်ရေးထားသော်လည်းစာရေးသူမှာ ဘုရား ဖြစ်တော်မူသည်။ တန်ခိုးဖြင့်အသစ်ပြုပြင်သည်။ အ ခွင့်အာဏာရှိသည်။ လက်တွေ့ အသုံးချနိုင်သည်။ မှုတ်သွင်းခြင်းခံရသော စာအုပ်ဖြစ်သည်။

-လက်ကမ်းစာစောင်မှ မှီငြိမ်းကိုးကားသည်။ Dyson Hague(1857-1935)ကနဒီ သာမန်ယုံကြည်သူ၊ ပညာရှိသူ၊ စာရေးသူဖြစ်သည်။

# ဤ နောက်ဆုံးသောကာလတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အာရုံပြုခြင်း

# (Devotion To God's Word In These Last Days)

*ïïïïïïïïïïïïïïïïïïïïïïïïïïïïïïïïïBy Rich Carmicheal*

တိမောသေဩဝါဒစာဒုတိယစောင်တွင် တမန်တော်ရှင်ပေါလုက “နောင်ကာလသည် ခဲယဉ်းသော ကာလဖြစ်မည်ဟု သိမှတ်လော့။ အဘယ်သို့နည်းဟူမူကား၊လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကို တပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကို ရှုတ်ချသောသူ၊ မိဘစကား ကို နားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်း မရှိသောသူ၊ ပကတိကြင်နာစုံမက်ခြင်းနှင့် ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ် ဣန္ဒြေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သူ၊ သူတော်ကောင်းကို မုန်းသောသူ၊ သစ္စာကို ဖျက်တတ်သောသူ၊ သတိပေးခြင်းကို မခံသောသူ၊ မာန်မနနှင့် ယစ်မူးသောသူ၊ ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ ဘုရား ဝတ်၌မွေ့လျော် ယောင်ဆောင်၍၊ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကို ရှောင်လော့” (၂တိ ၃း၁-၅)ဟု သတိပေးခဲ့သည်။ ပေါလုက *“ဆိုးညစ်သောသူ၊ လှည့်ဖြားသော* သူတို့မူကား၊ သူတပါးကိုငင်း၊ ကိုယ်ကိုငင်းလှည့်ဖြား၍ဆိုးညစ်ခြင်း၌ တရွေ့ရွေ့ တိုးပွါးကြလိမ့်မည်” (အငယ် ၁၃)နှင့် ထို အချိန်ရောက်လာသောအခါ လူများသည် “အကြောင်းမူကား၊ နောင်ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကိုနားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်း အတိုင်း များပြားသော ဆရာတို့နောက် သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်” (၄း၃-၄)ဟု ထပ်၍ သတိပြုသည်။

ကျွန်ုပ်တို့သည် ဤသို့သောနေ့ရက်ကာတွင် အသက်ရှင်နေသည်ဟု နားလည် သဘော ပေါက်ခြင်းသည် ကျွန်ုပ်တို့အတွက် အေမတန်ကောင်းမြတ်သောအရာ ဖြစ်သည်။ ဝိညာဉ်ရေးရာ သဘော်ပျက်ခြင်းသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရှိနေသည်။ လောကသည် ဆိုးယုတ်ပျက်စီး နေခြင်းသည် အလွန်ဝမ်းနည်းစရာ ဖြစ်သည်။ အသင်းတော်တွင်လည်း ပျက်စီးနေသော အသက်တာ များစွာ တွေ့ရသည်။

ထိုကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ပြန်လည်မကြွလာခင် နောက်ဆုံးသောကာလတွင် အသက်ရှင်နေ ကြသောကြောင့် အမြဲတမ်းသတိရှိရမည့်အချိန်ဖြစ်ပါသည်။ လောက၏ ပျက်စီးခြင်း ရေစီးကြောင်း၌ ရေစုံ မျှောမပါလိုလျှင် ကျွန်ုပ်တို့သည် မိမိကိုယ်ကို စောင့်ရှောက်ရမည့် အချိန်ဖြစ်

သည်။ သခင်ယေရှုသည် ကျွန်ုပ် တို့အား လောကသို့အမှုတော်ဆောင်ရန် စေလွှတ် တော်မူသည်။ သို့သော် ကျွန်ုပ်တို့သည် လောကသားများမ ဟုတ်ကြပေ(ယောဟန် ၁၇း၁၅-၁၈)။ ကျွန်ုပ်တို့သည် လောက၏ ဆားများနှင့်လောက၏အလင်းအဖြစ် လောကသားများအတွက် မားမား မတ်မတ် ရပ်တည်ရမည်ဖြစ်သည် (မဿဲ ၅း၁၃-၁၆)။ ဘုရား၏လူများသည်မိမိ လမ်းကို ပျောက်ဆုံးလျှင် လည်းကောင်း၊ ဆားသည် ၎င်း၏ အရသာကိုပျောက်သွားလျှင်လည်းကောင်း၊ အလင်းသည် ၎င်း၏ အလင်းတန်းကိုမှေးမှိန်သွားလျှင်လည်းကောင်း၊ သူတော်ကောင်း ပုံစံဖြစ် သော်လည်းတန်ခိုးမရှိ လျှင်လည်းကောင်း လောကအတွက် ဘာမြော်လင့်ချက်ရှိမည်နည်း။ လောကမှာ ကျွန်ုပ်တို့ကို မုန်းတီးသော သူများစွာရှိသော်လည်း လောကနှင့်ဆန့်ကျင်ဘက် မားမား မတ်မတ်ရပ်တည်ရမည့် အချိန်ဖြစ်ပါသည်။ ဘုရား သခင်ကိုဝမ်းမြောက်စေသောဘဝဖြင့် အသက်ရှင်ရမည့် အချိန်ဖြစ်သည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ကိုယ် တော်၏ သမ္မာတရားနှင့် ကျေးဇူးတော်ကို ဟောပြောရမည့် အချိန်ဖြစ်သည်။ ကျွန်ုပ်တို့သည် “ယေရှုခရစ်၌ရှိသော ထို စိတ်သဘောကို သင်တို့၌ လည်းရှိ စေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရား သခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ် လျက်ပင်…” (ဖိ ၂း၁၅-၁၆)။

### ကျမ်းစာသည် မရှိမဖြစ်လိုအပ်ခြင်း

ဤအရာများအားလုံးအတွက် သော့ချက်တစ်ခုမှာ ဘုရားသခင်၏ နှုတ်ကပတ်အပေါ် အာရုံပြုခြင်းဖြစ်သည်။ တိမောသေသြဝါဒစာဒုတိယစောင်တွင် ပေါလု၏သတိပေးခြင်းတွင် သူက ဤသို့ခွန်အားပေး တိုက်တွန်းခဲ့သည်။ “သင်သည်အဘယ်သူထံ၌ နည်းခံခဲ့ပြီးသည်ကိုငင်း၊ ယေရှု ခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလိုငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ် သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငင်း သိမှတ်သည်နှင့်၊ အထက်ကသင်၍နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့။ ထိုကျမ်းစာရှိသမျှသည် ဘုရား သခင်မှုတ်သွင်းတော်မူသော အားဖြင့် ဖြစ်၍၊ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသော အမှုအမျိုး မျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ သြဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူး များကို

ပြုတတ်၏” (၃း၁၄-၁၇)။ သမ္မာကျမ်းစာသည် လောကနှင့်လုပ်ဆောင်ဖက်ယုံကြည်သူများအတွက် ကောင်းမြတ်သော ဘဝဖြင့်အသက်ရှင်ရန်နှင့် သာသနာလုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ် သောနှုတ်ကပတ်တော်ဖြစ်သည်။ ကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သောကြောင့် ၎င်းက ကိုယ်တော်၏တန်ခိုးတော်ကိုယူဆောင်လာ၍ ကျွန်ုပ်တို့နှင့် သူတပါးအား အမှုတော်အတွက် ဝိညာဥ်ရေးရာ အသက်ကို ယူဆောင်ပေးနေသည်။ များစွာသောဘုရား၏ လူများသည် ကျမ်းစာဖတ်ရှုခြင်း၊ လေ့လာခြင်း၊ အ လွတ်ကျက်မှတ်ခြင်း၊ နှလုံးသွင်းခြင်းနှင့် ဘုရားသခင်၏ အလိုတော်အတိုင်းလက်တွေ့ကျင့်ဆောင်မှုမပြုခြင်း တို့သည် ဘယ်လောက် ဝမ်းနည်းစရာ ကောင်းသနည်း။

သင်၏ အာရုံပြုခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ရှိနေပါစေ ကျွန်ုပ်တို့သည် ထို နှုတ်ကပတ်တော်ကို သူတစ်ပါးထံထပ်ဆင့်ဝေငှရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အဓိက ထားရမည်။ ကျမ်းစာ ကိုအလေးအမြတ်ထား၍ အာရုံပြုနိုင်ရန် စိတ်လှုံ့ဆော်မှုနှင့် ပြင်ဆင်မှုရှိရမည်။ ဤနောက်ဆုံးသောကာလမှာ ကျမ်းစာကို ကျွန်ုပ်တို့ဘဝနှင့်သူတပါး၏ ဘဝများတွင် မဏ္ဍိုင် အဖြစ်ယူရမည်။ ယခုကာလသည် ခရစ်တော်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ အထဲ၌ ကိန်းဝပ် ရမည့်အချိန်ဖြစ်သည် (ကော ၃း၁၆)။ လောဣနှင့် ဥနိတ်တို့သည် တိမောသေကို သွန်သင် သကဲ့သို့ (၂တိ ၁း၅၊ ၃း၁၄-၁၅) အဘိုးအဘွားများနှင့်မိဘများသည် မိမိမြေးများ နှင့်သားသမီးများအား နှုတ်ကပတ်တော်ကို သူတို့၏နှလုံးသား၌ စိုက်ပျိုးရမည့် အချိန်ကာလဖြစ်သည်။ စိတ်ပျက် ဝမ်းနည်း မှုများ အားလုံးကို ဖယ်ရှား၍ ကျွန်ုပ်တို့ နှလုံးသားများ၌ နှုတ်ကပတ်တော်ကို ကောင်းသော မြေ၌ ကျသော မျိုးစေ့ကဲ့သို့ လက်ခံရမည့်အချန်ဖြစ်သည်။ သို့မှသာလျှင် အသီးအပွင့်သီး၍ အဆ သုံးဆယ်၊ အဆ ခြောက်ဆယ်နှင့်အဆတစ်ရာ တိုးပွားပါလိမ့်မည်(မာကု ၄း၂၀)။ “နေ့ညဥ့်မပြတ်ဆုတောင်း ပဌနာပြုသည် တွင်၊ သင့်ကိုမခြားမလပ် အောက်မေ့သည်ဖြစ်၍၊ ငါ့ဘိုးဘေးကိုးကွယ်သည်အတိုင်း၊ ကိုယ်ကိုကိုယ်သိသော စိတ်စင်ကြယ်ခြင်းနှင့်တကွ ငါ ကိုးကွယ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို ငါချီးမွမ်း၏” (၂တိ ၂း၁၅)ဆို သည့်အတိုင်း နှုတ်ကပတ်တော်၌ လေ့ကျက်ရမည့်အချိန်ဖြစ်သည်။ တရားဟောဆရာများသည် နှုတ်ကပတ်တော်နှင့်ပြည့်ဝ၍ နှုတ်ကပတ်တော်ကို အချိန်ရှိသည်ဖြစ်စေ၊

မရှိသည်ဖြစ်စေ ဟောပြောရမည့်အချိန်၊ အပြစ် ကိုဖော်ပြရမည့်အချိန်၊ ဆုံးမရမည့်အချိန်၊ အားပေး တိုက်တွန်းရမည့်အချိန်(၄း၂)ဖြစ်ပါသည်။ လူသားအားလုံး ထံသို့သွား၍ တပည့်တော်ဖြစ်စေခြင်း၊ ဗတ္တိဇံပေးခြင်းနှင့် ခရစ်တော်သွန်သင်ခဲ့သော အရာများအားလုံးကျင့် ဆောင်ရန် သွန်သင်ရမည့် အချိန်ဖြစ်သည် (မဿဲ ၂၈း၁၉-၂၀)။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အာရုံပြုရန် အသစ်ပြုပြင်ရမည့်အချိန်ဖြစ်သည်။ နှုတ်ကပတ် တော်သည် ကျွန်ုပ်တို့အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်းကောင်း အလုပ်လုပ် ပါလိမ့်မည်။

# သန်မာသော ယုံကြည်ခြင်းသည် ဘုရားသခင်၏ ပြည့်စုံခြင်းအားလုံးကိုနားလည်ခြင်း

## (Strong Faith Realizes The All-Sufficiency Of God)

***By Charles H. Spurgeon***

**“ငါသည် တန်ခိုးကြီးသော ဘုရားဖြစ်သည်”** (ကမ္ဘာ ၁၇း၁)။

စစ်မှန်သောရောင့်ရဲတင်းတိမ်မှုသည် ဘုရားသခင်မိန့်တော်မူသော တန်ခိုးကြီးသောဘုရား သို့မဟုတ်အ ရာခပ်သိမ်းကိုတတ်စွမ်းနိုင်သောဘုရားပေါ်မတွင် မှီခိုအားထားခြင်းဖြစ်သည်။ စစ်မှန်သောယုံကြည်မှုသည် ဘုရားသခင်အပေါ်မှာ သံမှိုဖြင့်ရိုက်ထားသကဲ့သို့ ချိတ်ဆွဲထားသည်။ သန်မာသောယုံကြည်ခြင်းသည် ဘုရား သခင်၏ပြည့်စုံမှုကို နားလည်သဘောပေါက်သည်။ ၎င်းသည် သူ၏ လျို့ဝှက်ချက် ဖြစ်သည်။ဝှက်ထားသော မန္နမုန့်ကိုစား၍ ခွန်အားရှိလာသည်။ ဘုရားသခင်သည် မိမိအကြံအစည်တော်များကို တန်ခိုးတော်အားဖြင့် ပြည့်စုံစေတော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ဒုက္ခဂရက်ဝဲထဲမှာ ဘေးကြပ်နံကြပ်ဖြစ်လျက် တဝဲဝဲလည်နေသောအခါ ထို အရာများ ဖြေရှင်း ပေးတော်မူရန်အတွက် ကိုယ်တော်၏နည်းလမ်း၌ ရှာဖွေတွေ့ရှိရန် ကိုယ်တော် သည်တန်ခိုး အလုံးစုံနှင့် ပြည့်စုံတော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကြုံတွေ့ရသောပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်သောတန်ခိုးဖြစ်တော်မူသည်။ ကိုယ်တော်သည် မေတ္တာတော်၌ ပြည့်စုံတော်မူ

သောကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား ကျေးဇူးပြုတော်မူ၍ မိမိရင်ခွင့်၌ သနားကြင်နာစိတ် ရှိတော်မူလိမ့်မည်။ ဘု ရားသခင်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူသည်။ ကျွန်ုပ်တို့အတွက် ထို သမ္မာတရားဟောပြော၍ သင်သည် ကြားသိသည်။ ထိုအရာသည် အလွန်နက်ရှိုင်းသည်။ နားလည်ရခက်ခဲသော ပုစ္ဆာဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာတရားကို ဆုပ်ကိုင်၍ ကိန်းဝပ်နေကြလျှင် ကျွန်ုပ်တို့၏ ဘဝတစ်ခုလုံး အံ့သြဖွယ်ရာတိုးတက်ပြောင်းလဲ သွားမည်ဖြစ်သည်။

ဤစကားသည် လက်ရှိဘဝတွင် ဆင်းရဲဒုက္ခခံရ၍ တုန်လှုပ်ချောက်ချားသူအချို့အတွက် အသုံးအကျုံးဝင် နိုင်သည်။ သူတို့သည် ဖြစ်ပျက်သောအရာအတွက် ကယောင်ချောက်ချားဖြစ်နိုင်သည်။ သူတို့အပေါ်ကျရောက် မည့်အဖြစ်ဆိုးအတွက် ထိတ်လန့်နိုင်ကြသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ဖြစ်လာမည့်ကံဆိုးမည်းမှောင် ကျရောက်ခြင်းအတွက် စိုးရိမ်နိုင်ကြသည်။ ကျွန်ုပ်တို့သည် စုံစမ်းခြင်းရောက်လာမည်ကိုသိကြသည်။ ကျွန်ုပ် တို့သည် ထိုအရာအတွက် စိုးရိမ်ပူပန်တတ်ကြသည်။ ကျွန်ုပ်တို့မှာ "သင့်ကိုအမှုခြောက်ပါးထဲက နှုတ် ယူတော်မူ သည်သာမက၊ ခုနစ်ပါးသောအမှု၌လည်း ဘေးတစုံတခုမျှ မထိမခိုက်ရ" (ယောဘ ၅း၁၉)၊ 'ငါသည် အနန္တတန်ခိုးရှင်ဖြစ်သည်"ဟူသောကတိတော်ရှိကြသော်လည်း ကြောက်တတ်ကြသည်။ ကျွန်ုပ်တို့သည် ဘဝအမှောင်၌လျှောက်လှမ်းသောအခါ စိတ်ပူးဆွေးသောကရောက်မည်လော။ စိတ်ဖိဆီးမှုခံစားရမည်လော။ အို ဘုရားသခင်၏သားသမီးတို့၊ ဘာကြောင့် ကြောက်ကြသနည်း။ ကိုယ်တော်မထောက်ပံ့ပေးနိုင်သောအရာ တစ်စုံတစ်ခုမျှမရှိပေ။ ရန်သူအားလုံးကို အောင်မြင်ပေးနိုင်သည်။

### ဆင်းရဲ ဒုက္ခများအကြား

ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌ စိတ်ဆင်းရဲခြင်းများခံရသောအခါ ဘုရားသခင်၏အစွမ်းအစကို မှီခိုအား ထားနိုင်ကြသည်။ အတွင်းပိုင်းဆင်းရဲဒုက္ခခံရခြင်းသည် ခေတ္တဆင်းရဲ ဒုက္ခခံရခြင်းထက်ပို၍ ပြင်းထန်သည်။ ဘု ရားသခင်၏ လူသည် ဤအရာကို ပြည့်စုံကောင်းမွန်စွာ သိရသည်။ ကျွန်ုပ်တို့သည် ထဲထဲဝင်ဝင် ကြည့်လျှင် ဘုရားသခင်၏ ကျေးဇူးတော်ကို ကျွန်ုပ်တို့အထဲ၌တွေ့ရမည်ဖြစ်သည်။ အနည်းဆုံး ကျွန်ုပ်တို့ စဉ်းစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့ပျက်စီးမှုများနှင့် ပတ်ဝန်းကျင် ဆုတ်ယုတ်ပျက်စီးမှုများကို ကျွန်ုပ်တို့မြင်တွေ့သောအခါ ဆင်းရဲဒုက္ခရောက်တတ်ကြသည်။ တာဝန်ဝတ္တရားကို

လျစ်လျူရှုခြင်း၊ အာရုံမပြုဘဲနေခြင်း၊ ကျွန်ုပ်တို့ထံ ရောက်လာသော အသုံးမဝင်သောအရာများနှင့် မတရား စွပ်စွဲမှုများ မေ့လျော့ခြင်းများရှိလာသောအခါ ဘုရား သခင်ကို သိခဲ့သလောဟူ၍ သံသယ စိတ်ဖြစ်လာတတ်ကြသည်။

ထိုနည်းတူ စာတန်၏ တိုက်ခိုက်မှုခံရသောအခါ ကျွန်ုပ်တို့သည် သူ၏ ခြေဦးခဏအတွင်း ကျဆင်း နိုင်ကြသည်။ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် ဤ သို့ကြောက်မက် ဖွယ်အချိန်များတွင် မကြောက်ရပေ။ ဘုရားသခင်ကိုလည်းသံသ ယမဝင်သင့်ပေ။ ကျွန်ုပ်တို့ကယ်တင်ခြင်း သည် မိမိအပေါ်၌မှီခိုလျှင် မကြာခင် ကျွန်ုပ်တို့အား အနိုင်အနင်း ယူလာ လိမ့်မည်။ သို့သော် ကျွန်ုပ်တို့ကယ် တင်ခြင်းသည် ကိုယ်တော်အပေါ်မှာရပ်တည်လျှင် ဘယ်တော့မှ ချိုးဖြတ်မည်မဟုတ်ပေ။ ကျွန်ုပ်တို့ကယ်တင် ခြင်းသည် မပြောင်းလဲသော နှလုံးသား ပေါ်တွင် ရပ်တည်သောညအခါ မကုန်ခမ်းနိုင်တော်မေတ္တာသည် ဘယ် တော့မှ ရပ်တန့်သွားမည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘာကြောင့် စိတ်ပျက်ရမည်နည်း။ ဘုရားသခင်သည် "ငါ သည် တန်ခိုး ကြီးသောဘုရားဖြစ်သည်"ဟု မိန့်တော်မူခဲ့သည်။ "အချင်းရန်သူ၊ ငါ့အပေါ်မှာ ဝါကြွားဝမ်း မြောက်ခြင်း မရှိနှင့်။ ငါလဲသော်လည်း ထဦးမည်။ မှောင်မိုက်၌ ထိုင်ရသော်လည်း၊ ထာဝရဘုရားသည် ငါ၏ အလင်းဖြစ်တော်မူလိမ့်မည်" (မိက္ခာ ၇း၈ကိုကြည့်ပါ)။

## ဒုက္ခ ဆင်းရဲခြင်းနှင့် စိတ်ပျက်ခြင်း

အကယ်၍ သင်သည် ခေတ္တဒုက္ခခံ၍ ဝိညာဥ်ရေးရာစိတ်ပျက်မှုတစ်ကြိမ်တည်းခံရလျှင် မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။ ဤပင်လယ်နှစ်ခုကိုရင်ဆိုင်တွေ့ကြုံခြင်းကြောင့် သဘော ပျက်ကြခြင်းခံစားရနိုင်သည်။ သို့သော် ရေပေါ်တွင်လျှောက်၍ ဘုရားသခင်ထံ ခြေလှမ်း လှမ်းလာခဲ့ပါ။ ကိုယ်တော်က "ငါသည် သင် အတွက် အရာခပ်သိမ်းကိုတတ်စွမ်းနိုင်သော အနန္တ တန်ခိုးရှင် ဖြစ်သည်"ဟု မိန့်တော်မူခဲ့သည်။ ကိုယ်တော် မငြိမ်းစေနိုင်သော မုန်းတိုင်းရှိသလော။ ကိုယ်တော် ထိန်းချုပ်တော်မမူနိုင်သလော။ ကိုယ်တော်ကယ်တင်တော် မမူနိုင်အောင် ငရဲမီးသည် အလွန် နက်ရှိုင်းသည်ဟု သင်ယူဆသလော။ ကိုယ်တော်သည် ချည်နှောင်သောသံ ကြိုးကို မချိုးဖြတ်နိုင်ဘဲ မိမိတန်ခိုးလျော့နည်း နေတော်မူသလော။ ယေဟောဝါဘုရားသည် လေအထက်မှာ

စီးတော်မူသည်။ မိုးသက်မုန်တိုင်းသည် ကိုယ်တော်၏မော်တော်ကားဖြစ်သည်။ ထိုကြောင့် မကြောက်ပါနှင့်။ ခမည်းတော်ဘုရားသခင်သည် ပွဲကိုင်သောအရှင်ဖြစ်တော်မူသည်။ အခက်ခဲဆုံးသော အချိန်၌ ပင်လျှင် ကိုယ် တော်သည် အုပ်စိုးတော်မူသောအရှင် ဖြစ်တော်မူသည်။ ကိုယ်တော်၏ မျက်စိတော်သည် အရာခပ်သိမ်းကို ထင်ထင်ရှားရှားမြင်တွေ့တော်မူသောကြောင့် အမှောင်ထုကြီးကို သင်မကြောက်ပါနှင့်။ အချိန်တိုင်း၌ ကိုယ် တော့်ကို ကိုးစားပါ။ ကြောက်စိတ်ကသင့်ကို အနိုင်မယူပါစေနှင့်။ သင်၏ မယုံကြည်မှုကို ဖယ်ရှားလိုက်ပါ။ သင့် ကိုညစ်ညမ်းမှုဖြစ်စေသော အပြုအမူ အားလုံးကို ရပ်တန့်လိုက်ပါ။ ကိုယ်တော်၏ နာမတော်ကိုရှုတ်ချစေနိုင် သောအရာများကို စွန့်လွှတ်လိုက်ပါ။

### သေခြင်းနှင့် ထာဝရကာလ၌

သင်ထွက်ခွါရတော့မည့်လက္ခာနီးကပ်လာလျှင်လည်းကောင်း၊ ရောဂါဘယအားဖြင့် ကိုယ်ခန္ဓာအားနည်း နေလျှင်လည်းကောင်း၊ သင်သည် ပျက်စီးရမည့်အိမ်တစ်အိမ်ကဲ့သို့ နားထဲ တစပ်စပ်ကြားသိနိုင်သည်။ သို့သော် ထိုအချိန်တွင် ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်စွမ်းနိုင် တော်မူသောဘုရားဖြစ်သည်။ သင်၏သေခြင်း ကိုလည်း ကိုယ်တော်သည် တတ်စွမ်းနိုင် တော်မူသည်။ အရာခပ်သိမ်းကိုတတ်စွမ်းနိုင်တော်မူသောဘုရား သည် သေခြင်း၌လည်း တန်ခိုးကြီးတော်မူသော ဘုရားဖြစ်တော်မူသည်။ အသက်ရှင်နေစဉ်တန်ခိုးကြီးတော်မူ သောဘုရားသည် သေခြင်း၌လည်း တန်ခိုးကြီးတော်မူသောဘုရားဖြစ်တော်မူသည်။ သင်သည် မသိသေး သောအမှုအရာအတွက် စိုးရိမ်ကြောင့်ကြခြင်းမရှိပါနှင့်။ သင်သည် ထာဝရကာလတွက် ထိတ်လန့်ပူပန်ခြင်းမ ရှိပါနှင့်။ ကျေးဇူးရှင်ဘုရားသည် ထာဝရကာလအားလုံးအတွက် အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရား ဖြစ်တော်မူသည်။ ကိုယ်တော်သည် တရားစီရင်ခြင်း၊ လက်စားချေခြင်းနှင့် ငရဲမီးအိုင်ကို အုပ်စိုးတော်မူသော အနန္တတန်ခိုးရှင်ဖြစ်တော်မူသည်။ လောကအရာများသည် သင့်ကို ကိုက်စားရန် ဝန်းရံသောအခါ လုံးဝမကြောက် ပါနှင့်။ အမြဲတမ်းအသက်ရှင်တော်မူသောကယ်တင်ရှင်သည် အဆုံးထိတိုင်အောင် ကယ်တင် တော်မူနိုင်သည်။ ဖန်ဆင်းထားသောအရာအားလုံးသည် ကုန်ဆုံးသောအခါ အနန္တတန်ခိုးရှင်သည် သင့်ဝိညာဉ်တော်ထောက် မတော်မူလိမ့်မည်။ မီးအပူအားဖြင့် အရာအားလုံး အရည်

ပျော်သွားသည်။ တန်ခိုးကြီးတော်မူသောဘုရားကို ကိုးစားသောသူများအတွက် ကြောက်ရွံ့ခြင်း က ဘယ်တော့မှနေရာမယူနိုင်ပေ။

### ကျွန်ုပ်တို့၏ ရဲရင့်ခြင်း ကျောက်ဆောင်

ချစ်သူတို့၊ သင့်အားခွန်အားပေးရန် ဤအရာကို သင်၏လက်မောင်းပေါ်တွင် တံဆိပ်ခတ်လိုက်ပါ။ သင်၏ သံသယစိတ်များကို ကျောက်ပြားပေါ်တွင်ရေး၍ လိပ်လိုက်ပါ။ တစ်ဖန်ပြန်မထစေပါနှင့်။ သင်သည် အားကြီးသောလူကို ကိုးစားလျှင် သံသယဝင်နိုင်သည်။ ဘုရားသခင်ပေါ်၌သာ မှီခို အားထားလျှင် မည်သို့ဒုက္ခရောက် နိုင်မည်နည်း။ သင်သည် ပြောင်းလဲတတ်သော လူသားများ အပေါ်မှီခိုလျှင်လည်းကောင်း၊ ယနေ့ချစ်၍မနက် ဖြန်မုန်းတတ်သောဖန်ဆင်းထားသော အရာ ပေါ်တွင် ရောင့်ရဲမှုထားလျှင်လည်းကောင်း၊ သင်သည် ဝမ်းနည်း မှုအမှန်အကန်ခံစားရမည် ဖြစ်သည်။ ကိုယ်တော်၏ မေတ္တာတော်သည် ထာဝရတည်မြဲသည်။ ကိုယ်တော်၏ တန်ခိုးတော်သည်လည်း ထာဝရတည်သည်။ သင်သည် ဘာကြောင့် အားနည်းရသနည်း။ သင်သည် မရွေ့လျားနိုင်သော ကျောက်ပေါ်တွင် သင်၏စိတ်နှလုံးမြော်လင့်ခြင်းတည်ဆောက်လျှင် သင်သည် မှုတ်သွင်းခြင်းခံ ရသောအာမခံချက်သမ္မာတရာပေါ်တွင် တည်မြဲပါလိမ့်မည်။ “သူသည် ငါ့ကို ချစ်သော ကြောင့်၊ သူ့ကို ငါကယ် နှုတ်မည်။ ငါ၏နာမကို သိသောကြောင့်၊ သူ့ကို ငါချီး မြှောက်မည်။သူသည် ငါ့ကို ခေါ်သောအခါ ငါထူးမည်။ ဒုက္ခ ခံရသောအခါ သူ့ဘက်မှာ ငါနေ၍ ချမ်းသာပေးမည်။ သူ၏ ဘုန်းကိုလည်း ထင်ရှားစေမည်” (ဆာလံ ၉၁း ၁၄-၁၅)။

အိုငါ့ဝိညာဥ်၊ သင်သည် ဘာကြောင့်ဝမ်းနည်းသနည်း။ သင်သည် ဘာကြောင့် ငါ့အထဲ၌ ဒုက္ခခံရ သနည်း။ ဘုရားကို မြော်လင့်ပါ။ နှခေါင်းဖြင့်အသက်ရှူသောလူသားကို မကိုးစားပါနှင့်။ သို့ပြုလျှင် သင်၏ အလင်းသည် နံနက်နေရောင်ခြည်ကဲ့သို့ထွန်းတောက်ပါလိမ့်မည်။ ကောင်းကင်မှလာသော နှင်းသည် သင့်အား ဝမ်းမြောက် ဝမ်းသာမှုဖြင့် ဖူးပွင့်စေ၍ ဝေဆာလန်းဆန်းစေလိမ့်မည်။ ဖြောင့်မတ်သူတို့ ထာဝရဘုရား၌ ဝမ်းမြောက်ကြ လော့။ နှလုံးသားမှလာသောဝမ်းမြောက်မှုဖြင့် ကြွေးကြော်ကြလော။ အကြောင်းမှာ “ငါသည် တန်ခိုးကြီး တော်မူသောဘုရားဖြစ်သည် ”ဟု

ကိုယ်တော် မိန့်တော်မူ၍ ရောင့်ရဲခြင်းကျောက်ဆောင်ကို ကျွန်ုပ်တို့အားပေး အပ်တော်မူပြီဖြစ်သောကြောင့် ဖြစ်သည်။

# ယုံကြည်ခြင်းသည် မှီခိုအားကိုးခြင်းဖြစ်သည်
## (Faith As Trust)

***By Derek Prince***

(အယ်ဒီတာမှတ်ချက်- မူရင်းဆောင်းပါးတွင် စာရေးသူက ယုံကြည်ခြင်းအသီးအပွင့်ကို ဂရိစကားလုံး “*epistis*”- ကိုးစားခြင်းနှင့်ကိုးစားထိုက်ခြင်း တို့၏ဆက်နွယ်မှု မတူညီသော အမြင်နှစ်မျိုးတို့ကိုတင်ပြ၍ ၎င်း အသီးအပွင့်နှင့်ပတ်သက်၍ ယူဆချက်အမြင်နှစ်မျိုးကို မှတ်တမ်းတင်ထားသည်။ အောက်တွင်ဤစကားလုံး နှလုံးမှတစ်ခုအကြောင်းကို တင်ပြသွားပါသည်။)

“ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့် ကို အဘယ်တရားမျှ မမြစ်တား ”(ဂလာတိ ၅း၂၂-၂၃)။

အသီးအပွင့်အဖြစ်ယုံကြည်ခြင်း၏ပထမသွင်ပြင်လက္ခဏာမှာယုံကြည်ကိုးစားခြင်းဖြစ်သည်။ Jerusalem ကျမ်းစာတွင် *pistis* ကို “ကိုးစားခြင်း”ဟု ဘာသာပြန်ဆိုထားသည်။ နှစ်ပေါင်းများစွာကြာလာခဲ့ပြီးနောက် သခင်ယေရှုက ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်ရောက်လိုသူများသည် ကလေးသူငယ် ကဲ့သို့ဖြစ်ရမည်ဟု မိန့် တော်မူခဲ့သည်(မဿဲ ၁၈း၁-၄၊ ၁၉း၁၃-၁၄၊ မာကု ၁၀း၁၃-၁၆၊ လုကာ ၁၈း၁၅-၁၇ တို့ကို ဖတ်ပါ)။ ကလေးသူ ငယ်များသည် အလွန် ယုံကြည်ကိုးစားတတ်သော အကျင့်စာရိတ္တရှိကြသည်။ ထိုနည်းတူဘုရားသခင်၏ရင့် ကျက်သောလူများဖြစ်ကြသည့် အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်နှင့် ပေါလုတို့သည်လည်း ယုံကြည်ကိုးစားတတ်သော သူများဖြစ်ကြသည်။ထို့ကြောင့် ယုံကြည်ကိုးစားခြင်းစနစ်သည် ဝိညာဉ်ရေးရာရင့်ကျက်မှုအတွက်ကောင်းသော အတိုင်းအတာတစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့နိဂုံးချုပ်နိုင်ပါသည်။

ထို့ပြင် ယုံကြည်ခြင်း၏ အသီးအပွင့်၊ ကိုးစားခြင်းအမြင်ကို တိတ်ဆိတ်ခြင်း၊ မြဲမြံခြင်း၊ မယိမ်း ယိုင်သော ကိုးစားခြင်း၊ ဥာဏ်ပညာနှင့်ဘုရားသခင်အပေါ် သစ္စာရှိခြင်းဟု ဖွင့်ဆိုနိုင်ပါသည်။ မည်သို့ပင် ခက်ခဲသောစုံစမ်း ခြင်းသို့မဟုတ် အဖြစ်ဆိုးတွေနှင့် ရင်ဆိုင်နေရပါစေ ဤ အသီးအပွင့်ကို ပြုစု ပိုင်ဆိုင်သောသူများသည် ငြိမ်သက်၍ ထိုအခက်ကြားမှ စိတ်ချမ်းသာမှုခံစားရနိုင်သည်။ ဘုရား သခင်သည် အခြေအနေအားလုံးကို ထိန်းချုပ် တော်မူ၍ အခြေအနေအားလုံးကို ပဲ့ကိုင်တော်မူသော ကြောင့် သူသည် မတုန်လှုပ်၊ မချောက်ခြားဘဲ ရောင့်ရဲမှု ရှိလာသည်။ ဘုရားသခင်သည် မိမိသားသမီး အားလုံးအတွက် ကောင်းကြီးမင်္ဂလာချပေးတော်မူရန် ရည်ရွယ် ချက်ဖြင့်အမှုပြုတော်မူသည်။

ဤ ကိုးစားမှု၏ အပြင်ပန်း သဏ္ဍာန်ဖော်ပြချက်မှာ တည်ငြိမ်မှုဖြစ်သည်။ ဤမရွေ့လျားခြင်း စိတ်ဓါတ်ကို ဆာလံ ၁၂၅း၁ တွင် ဒါဝိဒ်မင်းကြီးက ဖော်ပြထားသည်။ "ထာဝရဘုရားကို ခိုလှုံသော သူတို့သည် မတုန် မလှုပ်၊ အစဉ်အမြဲတည်သော ဇိအုန်တောင်ကဲ့သို့ ဖြစ်ကြ၏။" တောင် တစ်တောင် ကလွဲ၍ ဤလောကတွင်ရှိ တော်တောင်အားလုံးသည် တုန်လှုပ်၍ ရွေ့လျား နိုင်ကြသည်။ ဇိအုန် တောင်သည် ဘယ်တော့မှမရွေ့ပေ။ ဘုရား သခင်သည် ထိုတောင်ကို မိမိကိန်း ဝပ်တော်မူသော နေရာအဖြစ် ရွေးတော်မူ၍ ထိုတောင်ပေါ်တွင် အစဥ်အမြဲ ကိန်းဝပ် တော်မူသည်။

ထိုကြောင့် ကိုးစားရန်သင်ယူသောယုံကြည်သူများသည်လည်း ထိုသို့မရွေ့လျားရပေ။ သူ၏ ပတ်ဝန်းကျင် တွင်ရှိသောအခြားသူအားလုံးသည်ထိတ်လန့်၍စိတ်တွေဝေနိုင်ကြသည်။သို့သော် ကိုယ်တော်ကို ကိုးစားသော သူသည် အေးချမ်းငြိမ်သက်ခြင်းရှိသည်။"ဘုံဗိမာန်တော်တိုက်မြစ်သည် သန့်ရှင်းသော တောင်ရိုးပေါ်မှာတည် လျက်ရှိ၏" (ဆာလံ ၈၇း၁)။

ဆာလံ ၃၇း၅ တွင် ဒါဝိဒ်က "ကိုယ်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။ ကိုယ်တော်ကို ကိုးစားလော့။ သို့ပြုလျှင်စီရင်တော် မူမည်" ဟု ပြောခဲ့သည်။ ဤကျမ်းချက်က "ကိုယ်တော် စီရင်တော်မူလိမ့်မည်"ဟုဖော်ပြ ထားသည်။ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ လုပ်ဆောင်ချက် *"ဆက်ကပ် ခြင်း"* ဖြစ်သည်။ ဒုတိယအချက်မှာ စိတ်နေ သဘော ထား *"ကိုးစားခြင်း"* ဖြစ်သည်။ ဆက်ကပ်ခြင်းအပြုအမူ သည် ကိုးစားခြင်း စိတ်နေ သဘောထားကို

လမ်းညွှန်ပေးသည်။ ဒါဝိဒ်ပြောခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် ယုံကြည်ကိုးစားခြင်း ဆက်လက်ရှိနေသရွေ့ ဘုရားသခင်သည် "အမှုပြုတော်မူလိမ့်မည်။"

ဘုရားသခင်ထံတော်သို့ဆက်ကပ်ခြင်းကိစ္စသည် ဘဏ်တွင်ငွေသိုးထား၍ ဘဏ်စာအုပ်ထဲတွင် ငွေရင်းနှီး ခြင်းနှင့်တူသည်။ ကျွန်ုပ်တို့သည် ဘဏ်စာအုပ်တွင် ငွေသွင်းပြီးဖြတ်ပိုင်း လက်ခံရရှိသောအခါ ထိုငွေများအ တွက် လုံးဝစိတ်ပူပန်စရာမလိုအပ်ပေ။ ယခုတွင် ဘဏ်မှ ထိုငွေများကို တာဝန်ယူဆောင်ရွက်ရသည်။ ဘဏ် တွင် ငွေကြေးအပ်နှံခြင်းစိတ်မချသောသူများသည် မိမိကိုယ်ရေးကိုယ်တာကိစ္စရပ်များအားလုံးအတွက်ဘုရား သခင်ကို ကိုးစားရန် အလွန်ခက်ခဲနိုင်ပါသည်။

ဆက်ကပ်ခြင်းအတွက် ဘဏ်၌ငွေစုခြင်းဥပမာသည် အရေးကြီးသောအရာကို ပုံဖော်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ဘဏ်မှထွက်ခွါသွားသောအခါ ဖြတ်ပိုင်း၊ နေ့ရက်၊ နေရာ၊ ငွေစုပမာဏများကို ယူဆောင်သွား ခဲ့သည်။မသေချာမရေရာသောအရာတစ်စုံတစ်ခုမျှမရှိပေ။ ဘုရားသခင်ထံတော်သို့ဆက်ကပ်ခြင်းသည်လည်း ထိုအတိုင်း တစ်ထပ်တည်းကျသည်။ ကျွန်ုပ်တို့သည် ဆက်ကပ်သောအရာ၊ အချိန်နှင့် နေရာကို သံသယမရှိဘဲ လျက်တိကျစွာသိရမည် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆက်ကပ်မှုကိုလက်ခံတော်မူကြောင်း သန့်ရှင်းသော ဝိညာဉ်တော်၏ အသိအမှတ်ပြုခြင်း "ဖြတ်ပိုင်း"ကို ကျွန်ုပ်တို့လိုအပ်ကြသည်။

### ယုံကြည်ခြင်းကို ပြုစုပျိုးထောင်ခြင်း

ကိုးစားခြင်းသည် သစ်သီးတစ်လုံးနှင့်တည်ဆောက်ပုံအားလုံးတူသည်။ ရင့်ကျက်ခြင်းအဆင့်သို့ မရောက်မီ ပြုစုပျိုးထောင်ရမည်။ တိုးတက်ကြီးထွားနိုင်ရန် အဆင့်ဆင့်ဖြတ်သန်းလာရမည်ဖြစ်သည်။ ဆာလံ ၆၂ တွင်ဒါဝိဒ်၏ကိုးစားခြင်းတိုးတက်စေသောပုံဖော်ချက်စကားလုံးကို တွေ့ရသည်။ "အကယ်စင်စစ် ဘုရားသ ခင်သည် ငါ၏ ကျောက်၊ ငါ့ကို ကယ်တင်ခြင်းအကြောင်း၊ ငါ့ခိုလှုံရာဖြစ်တော်မူ၍၊ ငါ၌ လှုပ်ရှားခြင်းများစွာ မရှိ ရာ" (အငယ် ၂)။ သို့သော် သူသည် ဘုရား သခင်ကို ကိုးစားခဲ့ကြောင့် ဂုဏ်ယူဝံ့ကြွားစွာဖော်ပြခဲ့ပြီးနောက်သူ က *"ငါသည် လှုပ်ရှားခြင်းမရှိရာ"* (အငယ် ၆)ဟု ပြောသည်။ အငယ်နှစ် နှင့် အငယ် ခြောက်အကြားတွင် ဒါဝိဒ် က *"လှုပ်ရှားခြင်း"* မရှိ၊ လုံးဝ လှုပ်ရှားခြင်းမရှိကြောင်း အတိအလင်းဖော်ပြခဲ့သည်။

ကျွန်ုပ်တို့သည်လည်း ဒါဝိဒ်ကဲ့သို့ စိတ်နှလုံးဖြူစင်ခြင်းရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ရင့်ကျက်ခြင်း အဆင့်သို့မရောက်မီ အကောင်းဆုံးဖော်ပြချက်မှာ "ငါသည် လုံးဝလှုပ်ရှားခြင်းမရှိရ"ဟု ပြောနိုင်ကြသည်။ ဤ အဆင့်တွင် ဆင်းရဲဒုက္ခများနှင့်ပုန်ကန်မှုများက ကျွန်ုပ်တို့ကို တုန်လှုပ်စေနိုင်သော်လည်း သူတို့ကအနိုင်ယူ နိုင်ကြမည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့သည် ကိုးစားခြင်းကို ရှာဖွေ တွေ့ရှိပျိုးထောင်ကြလျှင် ကျွန်ုပ်တို့ သည် "ငါသည် လှုပ်ရှားခြင်းမရှိရ"ဟု ပြောသည့်အဆင့်သို့ ရောက်လိမ့်မည်။ မည်သည့်အရာတစ်စုံတစ်ခုမျှက ကျွန်ုပ်တို့ကို မလှုပ်ရှားစေနိုင်ပေ။ အနိုင်လည်း မယူနိုင်ပေ။

ဤသို့သော ကိုးစားမှုသည် စိတ်အတွေးအခေါ်မဟုတ်ဘဲ ဝိညာဉ်ရေးရာအခြေအနေဖြစ်သည်။ ကျွန်ုပ်တို့ စံ နမူနာအဖြစ် ဒါဝိဒ်၏ ဘဝသက်သေခံချက်ကို ကျွန်ုပ်တို့ပြန်လှန်ကြပါစို့။ သူက ဘုရားသခင်အား "အကျွန်ုပ် သည် ကြောက်ရွံ့သောအခါ ကိုယ် တော်၌ ခိုလှုံပါမည်" (ဆာလံ ၅၆း၃)။ ဤနေရာတွင် ဒါဝိဒ်သည် သူ၏အထဲ ၌ ယုံကြည်စိတ်ချမှုနှင့်ကြောက်ရွံ့မှုတစ်ပါးတို့သည် တစ်ခုနှင့်တစ်ခု တိုက်ခိုက်နေသည်ဟု အသိအမှတ်ပြုခဲ့ သည်။ ကြောက်စိတ်သည် စိတ်လှုပ်ရှားမှု၌ နေရာယူသည်။ ယုံကြည်စိတ်ချမှုသည် စိတ်ထဲ၌ပို၍နက်ရှိုင်းစွာ နေရာယူသည်။

ရင့်ကျက်သောယုံကြည်စိတ်ချမှုသည် နက်နဲသန်မာသောမြစ်နှင့်တူသည်။ ထိုမြစ်ချောင်းသည် ပင်လယ် ထဲသို့ တန်းသွားခဲ့သည်။ ထိုမြစ်ချောင်းပေါ်တွင် လေဟုန်စီးခြင်း သို့မဟုတ် သံသယများက မြစ်ချောင်းကို တိုက်ခိုက်၍ ရေမျက်နှာပြင်ပေါ်မှာ လှိုင်းတံများထတတ်ပါသည်။ သို့သော် ဤလေများနှင့် လှိုင်းတံပိုးများက မြစ်ချောင်းမပိတ်ပင်နိုင်ပေ။ လမ်းကြောင်းလည်း မလွှဲစေနိုင်ပေ။ ထိုမြစ်ချောင်းသည် မိမိလမ်းအတိုင်းတည့် တည့်စီးဆင်းသွားကာ နောက်ဆုံးတွင် မိမိဦးတည်သော လမ်းဖြစ်သည့်ပင်လယ်ထဲသို့ စီးဝင်သွားခဲ့သည်။

ပြည့်စုံသောရင့်ကျက်မှုဖြင့်ယုံကြည်စိတ်ချမှုသည် တိမောသေဩဝါဒစာဒုတိယစောင် ၁း၁၂ ၌ပေါလုပြော ဆိုသောစကားအားဖြင့် စံနမူနာယူထိုက်ပါသည်။ "ထိုအကြောင်းကြောင့် ဤဆင်းရဲဒုက္ခကို ငါခံရ၏။ သို့ သော်လည်း ရှက်ကြောက်ခြင်းမရှိ။ အဘယ်သူကို ငါယုံကြည်သည်ဟု

ငါသိ၏။ သူ၌ငါအပ်ထားသောအရာကိုလည်း၊ ထိုနေ့ရက်တိုင်အောင် စောင့်နိုင် တော်မူသည်ဟု ငါသဘောကျ၏။”

-DPM Archive မှ ကိုးယူသည်။ ခွင့်ပြုချက်ဖြင့်အသုံးပြုသည်။

# ကျေးဇူးတင် စကား

ပြန်လည်ကြွလာခြင်း (Herald Of His Coming) သာသနာလုပ်ငန်းအတွက်ဘုရားသခင်၏ သတင်းစကားကိုဟောပြောနိုင်ရန် ဆုတောင်းခြင်းများ၊ ငွေကြေးပံ့ပိုးမှုများနှင့်ခွန်အားပေး တိုက်တွန်းခြင်းအတွက် အားလုံးအပေါ် ကျေးဇူးတင်လျက်ရှိသည်။ ခရစ်တော်၌ ညီအစ်ကို မောင်နှမ များအားလုံး ခွန်အားပေး၊ တည်ဆောက်ရန်နှင့်ပျောက်ဆုံးသော ဝိညာဉ်များထံ သတင်း ကောင်း ဟောပြောရန်အတွက် ဤ သာသနာလုပ်ငန်းအား ကူညီပံ့ပိုးခြင်းအားဖြင့် ဘုရား သခင်သည် အမှုပြု တော်မူသည်။ ဤ နောက်ဆုံးသော ကာလတွင် ကိုယ်တော်သည် မိမိ သတင်းကောင်း သယ်ဆောင် သူအဖြစ် ဤ သတင်း ကောင်း စာဆောင်ကို အသုံးပြုသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းသည်။ ကိုယ်တော်၏နှုတ် ကပတ်တော်သည် အကျိုးမရှိ၊ အချည်းနှီးပြန်မလာသောကြောင့် ကိုယ်တော်၏ နာမတော်ကို ချီးမွမ်း ပါသည်။ ကိုယ်တော်၏ အကြံအစည်တော်များ ပြည့်စုံပြီးဖြစ်သည် (ဟေရှာယ ၅၅း၁၁)။ နာမတော် ဘုန်းကြီးတော်မူပါစေ။ ဤမြင့်မြတ်သော လုပ်ငန်းဆက်လက် လုပ်ဆောင် နိုင်ရန် ကိုယ်တော်သည် ကျေးဇူးတော်ကို ကျွန်ုပ်တို့ အပေါ်သို့ ချပေးတော်မူပါစေ။

ဤသတင်းကောင်း စာဆောင်ကို မြန်မာနှင့် ဟားခါး ချင်းစကားများဖြင့် လစဉ်ထုတ်ဝေပါသည်။ မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ မိတ်ဆွေများနှင့် အသင်းတော်အတွက် သော်လည်း ကောင်း မှာချင်သူများအားလုံးကို ကြိုဆိုပါသည်။ အောက်ပ်လိပ်စာဖြင့် မှာယူနိုင်ပါသည်။

**Rev. Run Lian**

**No.31/217 Pyiduangsu Street, Ward(2), Shwepyithar Township, Yangon**

Tel: 09452112354 , Email: dts4christ@gmail.com